# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အကုသိုလ်ရှောင် ကုသိုလ်ဆောင် ဖြူအောင်စိတ်ကိုထား။ ဘုရားတိုင်းသာဟောမိန့်မှာ သုံးဖြာဉာဏ်စကား။ ဘုရားတပည့် ထားသတိ ပွားဘိဉာဏ်တရား။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၀၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ➤**



**ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)ပြဋ္ဌာန်း**

စာ - ၁၁ သို့

**မန်းရွှေစက်တော်ရာ ဘုရားကြီးတွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း ဘုရားဖူးများဖြင့် စည်ကားခဲ့**

စာ - ၁၂ သို့

## ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်၊ ကလော-ရွှေညောင်-ကလောနှင့် တောင်ကြီး-ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်များ ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှ ခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများကို ရှမ်းပြည်နယ်၏ ရေမြေတောတောင်သဘာဝရှုခင်းများအား ကြည့်ရှုခံစားနိုင်ရန်နှင့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးအား အနီးကပ်လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်နှင့် တောင်ကြီးမြို့၏အလှအပများနှင့် သဘာဝရှုခင်းများအား **စာမျက်နှာ ၁၂ ကော်လံ ၁ ▲**






# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်)

## အပြုသဘောမဆောင်သည့်လုပ်ရပ် လုံးဝလက်မခံ

မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများအကြား တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အချုပ်အခြာအာဏာလေးစားရေးနှင့်အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ပါ အခြေခံမူများကို လေးစားလိုက်နာရေး စသည့်မူဝါဒများအပေါ်တွင်အခြေပြု၍ နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် တီမောလက်စ်တေနိုင်ငံ၏အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကိစ္စအပေါ် တီမောလက်စ်တေအစိုးရက ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူအပါအဝင် အာဆီယံပဋိညာဉ်ပါအခြေခံမူများကိုလေးစားလိုက်နာမည်ဖြစ်ကြောင်း စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကိစ္စအပေါ် မြန်မာနိုင်ငံ၏မူလရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် အာဆီယံ၏တူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်ပေးခဲ့သည်။ သို့ရာတွင် တီမောလက်စ်တေအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးသည့်နောက်ပိုင်းကာလများတွင်လည်း ၎င်း၏ကတိကဝတ်များနှင့်တာဝန်များကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။

တီမောလက်စ်တေသမ္မတသည် မြန်မာတပ်မတော်အရာရှိကြီးအချို့အပေါ် တရားစွဲဆိုသည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ကိုယ်စားလှယ်ဆိုသူများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် လက်ခံတွေ့ဆုံခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦးက အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကိုဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် အဆိုပါအပြုအမူသည် အာဆီယံပဋိညာဉ်နှင့်အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တို့တွင်ဖော်ပြပါရှိသည့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်တွင်ဆင့်ခေါ်၍ အဆိုပါအပြုအမူကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းအသိပေးပြီး တီမောလက်စ်တေအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် တီမောလက်စ်တေ၏အပြုသဘောမဆောင်သည့်အပြုအမူအပေါ် ကျိုးကြောင်းဆီလျော်မှုရှိသည့်ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပြန်လည်ပေးပို့ပေးရန် တောင်းဆိုခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြေအနေကို နီးကပ်စွာ ဆက်လက်လေ့လာစောင့်ကြည့်၍ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တီမောလက်စ်တေ၏သဘောထားရပ်တည်ချက်ပြောင်းလဲခြင်းမရှိပါက ပိုမိုပြင်းထန်သည့်အစီအမံများကို ထပ်မံဆောင်ရွက်မည်ဖြစ်ကြောင်းဖော်ပြပါရှိသည့် သတိထောက်လွှာတစ်စောင်ကိုလည်း တီမောလက်စ်တေသံရုံးယာယီတာဝန်ခံနှင့်တွေ့ဆုံစဉ်ပေးအပ်ခဲ့သည်။ ဆက်လက်၍ အာဆီယံ၏အခြေခံမူများနှင့်အလေ့အထများကိုဖောက်ဖျက်သည့် တီမောလက်စ်တေ၏အပြုအမူများကို ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချသည့်သတင်းထုတ်ပြန်ချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏သီးသန့်အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်သည် တီမောလက်စ်တေနိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်တွင်တွေ့ဆုံစဉ် တီမောလက်စ်တေ၏အပြုအမူကို ပြစ်တင်ရှုတ်ချသည့် မြန်မာအစိုးရ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအသိပေးခဲ့သည်။ တီမောလက်စ်တေအစိုးရအနေဖြင့် ၎င်း၏ကတိကဝတ်များနှင့် အာဆီယံပဋိညာဉ်ပါအခြေခံမူများကိုလေးစားလိုက်နာရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုယိုယွင်းသွားစေနိုင်သည့်အရေးကိစ္စများအား ရှောင်ရှားနိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပေးပို့ရန်ထပ်မံတောင်းဆိုခဲ့ရာ ဝန်ကြီးက ဖြေရှင်းချက်ကို တစ်ပတ်အတွင်းပေးပို့မည်ဟု ကတိပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တီမောလက်စ်တေဘက်မှပေးပို့လာမည့်ဖြေရှင်းချက်ကို စောင့်ဆိုင်းနေသည့်ကာလအတွင်း တီမောလက်စ်တေအစိုးရသည် ချင်းလူ့အခွင့်အရေးအဖွဲ့၏တရားစွဲဆိုမှုကို လက်ခံ၍ အမှုကိုလေ့လာကြည့်ရှုရန် ဝါရင့်ရှေ့နေတစ်ဦးကိုခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း ဖော်ပြပါရှိသည့်သတင်းများကို စိတ်ပျက်ဖွယ်ရာတွေ့ရှိရသည်။ တရားစွဲဆိုမှုကိုလက်ခံသည့်အလားတူဖြစ်စဉ်မျိုး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယခင်ကမရှိခဲ့ဖူးပေ။ မရှိခဲ့ဖူးသည့်အစဉ်အလာနှင့်အပြုသဘောမဆောင်သည့်ဘက်မှ အဓိပ္ပာယ်ကောက်ယူမှုများကိုဖြစ်ပေါ်စေခဲ့သည့်အပြင် မြန်မာပြည်သူများ၏နာကြည်းခံပြင်းမှုများကိုလည်း ပိုမိုမြင့်တက်စေခဲ့သည်။ တီမောလက်စ်တေနိုင်ငံသည် အာဆီယံပဋိညာဉ်နှင့်အရှေ့တောင်အာရှချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ချိုးဖောက်နေခြင်းပင်ဖြစ်သည်။ ဤကဲ့သို့အပြုသဘောမဆောင်သည့်လုပ်ရပ်ကို မြန်မာပြည်သူများအနေဖြင့် လုံးဝလက်မခံပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

( ခ ) တောမီးရှို့၍အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင်စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့်တောမီးရှို့ခြင်းကြောင့်ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးတောင်သူများအား မဲဇလီရေလှောင်ဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး



ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီလ ၁၅ ရက်မှစပြီး မဲဇလီရေလှောင်ဆည်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရေများဖြန့်ဝေရာတွင် စိုက်ပျိုးရေပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ရေမြိတ်များနှင့်ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မှုမဖြစ်စေရေးနှင့် နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေမျှတစွာရရှိရေးအတွက် ရေလက်တံမြောင်းများကို ကြိုတင်ရှင်းလင်းထားနိုင်ရန် တောင်သူများအား အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလှောင်ဆည်မှဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေပေးသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသည့်အတွက် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧကနှင့် နွေနှမ်း ၃၃၇၃၇ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၉၇ ရွာ၌ ဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို နိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၉၇ ရွာ၌ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ ကျေးရွာပေါင်း ၅၄၀ ကျော်၌ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာများအရောက်ကွင်းဆင်းလေ့လာပြီး လိုအပ်သောသင်တန်းများကို စီစဉ်ဖွင့်လှစ်ပေးကာ ယင်းသင်တန်း တက်ရောက်သူများထဲမှ အမှန်တကယ် လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူများကို စိစစ်ရွေးချယ်၍ လုပ်ငန်းသုံးစက်ကိရိယာများ ပံ့ပိုးပေးကြောင်း သိရသည်။

**ဆောင်းဦး**

## ရှေးဦးပြုစုခြင်း အခြေခံသင်တန်း သာမန်သင်တန်းနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေးသင်တန်းဆင်းပွဲကျင်းပ

ဘိုကလေး ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲ၏ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း၊ သာမန်သင်တန်းနှင့် ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်းဆင်းပွဲကို ဘိုကလေးမြို့နယ် ချိုကြည်သာသနာ့ဗိမာန်၌ ဖေဖော်ဝါရီလ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်က ကြက်ခြေနီစေတနာ့ဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများတွင် တက်ကြွစွာ ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ရသည့်အတွက် အသင်းအနေဖြင့် ဂုဏ်ယူမိကြောင်း၊ အဆိုပါလုပ်ငန်းများတွင် လူငယ်များ၏ကဏ္ဍသည် များစွာအရေးပါသဖြင့် လူငယ်ကြက်ခြေနီစေတနာ့ဝန်ထမ်းများတိုးပွားရေး ရပ်ကွက်/ကျေးရွာများနှင့် စာသင်ကျောင်းများ၌ စည်းရုံးမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ဖျာပုံခရိုင် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဦးသက်နိုင်က သင်တန်းဆင်းပွဲကျင်းပရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးလျောင်ကြီးအပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ဘိုကလေးမြို့နယ်မှ သွားရောက်ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ကြက်ခြေနီ



စေတနာ့ဝန်ထမ်းများ၊ ဘိုကလေးမြို့နယ်အတွင်း အခြေခံပညာကျောင်းများ၌ ၂၀၂၅ ခုနှစ်အတွင်း ဖွင့်လှစ်ခဲ့သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ်(၄/၂၀၂၅)၊ (၅/၂၀၂၅)နှင့် ရှေးဦးပြုစုခြင်း သာမန်သင်တန်းတွင် ထူးချွန်သူများအား ဘိုကလေးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ခြင်း၊ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ပါးရေး သင်တန်းတက်ရောက်ခဲ့သူများအား သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## သုံးခွမြို့နယ် ပဲမျိုးစုံဈေးကွက်အတွင်း ပဲတီစိမ်းများ စတင်ဝင်ရောက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပဲမျိုးစုံဈေးကွက်အတွင်းသို့ ပဲတီစိမ်းများ စတင်ဝင်ရောက်လျက်ရှိရာ ရေဆင်းအမျိုးအစားနှင့် ရွှေဝါအမျိုးအစားပဲတီစိမ်းများ ဈေးကွက်အတွင်းဝင်ရောက်ခါစဖြစ်သည့်အတွက် ဈေးနှုန်းတည်ငြိမ်မှုမရှိသေးဘဲ တစ်ဧကအထွက်နှုန်းတိုး၍ ဈေးပိုမိုရရှိရန် တောင်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို မြို့နယ်အတွင်းနှင့် တခြားဒေသများမှ လုပ်သားများက ခူးဆွတ်လျက်ရှိပြီး ရိတ်သိမ်းခြွေလှေ့စက်များဖြင့်လည်း ရိတ်သိမ်းခြွေလှေ့လျက်ရှိကြောင်း၊ ပဲဈေးကွက်အတွင်း ပဲအဝင်များလာခြင်းနှင့်အတူ ဈေးနှုန်းမှန်ကန်လာမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံပဲတီစိမ်းကို နိုဝင်ဘာလစတုတ္ထပတ်နှင့် ဒီဇင်ဘာလဆန်းပိုင်းတို့တွင် စတင်စိုက်ပျိုးကြပြီး ယခုနှစ်တွင် အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးချိန်နောက်ကျကာ တောင်သူတစ်ဦးနှင့်တစ်ဦး စိုက်ပျိုးချိန်မတူညီသည့်အတွက် ထွက်ရှိချိန်လည်း ကွာခြားမှုရှိပြီး စိုက်ပျိုးပြီး ၇၅ ရက်ခန့်အကြာတွင် ခူးဆွတ်နိုင်ကြောင်း သိရသည်။

သုံးခွမြို့နယ်၌ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ဆောင်းသီးနှံပဲတီစိမ်း ၁၃၉၆၉၃ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဆန်း**

မဝဏ ကာတွန်း



# အရိပ်

မစန္ဒာ



**ယမန်နေ့မှအဆက်**

စုလှိုင်သည် ဖရက်ဒီကိုကြည့်ရင်း လောင်ပြုံးလေး ပြုံးနေမိသည်။

'အခု နယ်လီချို့နဲ့တွဲနေတယ်မဟုတ်လား ဖရက်၊ ဘာလို့စုဆီလာတာလဲ'

'သူနဲ့တွဲတာနဲ့ စုဆီ မလာရတော့ဘူးလား'

'ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တော်ကြာ သူက စိတ်ကောက်နေဦးမယ်'

'စိတ်ကောက်ရင်လည်း ချော့လို့လွယ်ပါတယ်'

'ဟာ ဟ၊ ယူက မ ကျွမ်းကျင်နေပြီပေါ့'

'ဒါပေ့ါ၊ အရင်တုန်းက စုအပေါ်စိတ်ကောင်းထားပြီး လွှတ်ပေးခဲ့မိတာတွေကိုလည်း နောင်တရတတ်နေပြီ'

ဖရက်ဒီက စုလှိုင်ကို ခပ်စူးစူးလေးကြည့်နေသည်။ စုလှိုင်က မရယ်ချင်ဘဲနှင့်ရယ်လိုက်သည်။ ဖရက်ဒီကို ကြည့်ရင်း စိုင်းကိုသတိရနေသည်။ ဖရက်ဒီနှင့်ယှဉ်လျှင် စိုင်းသည် နုပျိုဖျတ်လတ်နေသည်။ အသားအရေဖြူဖျော့ဖျော့နှင့် စီးကရက်ကိုမပြတ်ဖွာတတ်သောဖရက်ဒီသည် ထိုင်းမှိုင်းပြီး နဂိုအသက်ထက် ပိုပြီးကြီးသည်ဟု ထင်နေရလေသည်။

'စုကိုလည်း တစ်လိပ်ပေးပါလား ဖရက်'

'ဆေးခြောက်ပါတယ်'

'ဟင် ယူဆေးခြောက်ရှူနေလား'

'နည်းနည်းလေးပါ၊ မများပါဘူး၊ ရီတီတီဖြစ်ရုံလေး'

စုလှိုင်ကို ဖရက်ဒီက စီးကရက်တစ်လိပ်လှမ်းပေးသည်။ ဆေးခြောက်ပါသည်ဆို၍ စုလှိုင်သည် မီးမညှိဖြစ်ဘဲ ဒီအတိုင်းပင်ကိုင်ထားသည်။ စမ်းကြည့်လိုစိတ်ရှိသော်လည်း သူ့ရှေ့တွင် မူးသွားမည်ကို စိုးရိမ်နေသည်။

'ယူ အခုဘယ်သူနဲ့တွဲနေလဲ'

'ဘယ်သူနဲ့မှမတွဲဘူး'

'မချစ်တတ်သေးဘူးလား'

'ဟင့်အင်း'

စုလှိုင်သည် ဆံပင်လေးများ လွင့်ပါသွားအောင် ခေါင်းကို တအားယမ်းလိုက်သည်။ သူထိုင်နေသောခုံတန်းလျားလေးဘေးမှ နှင်းဆီရုံတွင် နှင်းဆီပွင့်ဖြူဖြူလေးက ညှိုးလျှနေသည်။ ပွင့်ဖတ်လေးများပျော့ကာ ငိုက်ကျနေသည်။ စုလှိုင်က လက်ဖြင့်ယမ်းလိုက်သောအခါ ပွင့်ဖတ်ပျော့ပျော့လေးများ ကြွေကျသွားသည်။

'စုတစ်ခါမှ ပန်းမပန်ဘူးနော်'

'ဟင့်အင်း မပန်တတ်ဘူး'

'ပန်းကြိုက်တဲ့ မိန်းကလေးရဲ့စိတ်ဟာ နူးညံ့တယ်တဲ့'

'စုရဲ့စိတ်က နူးမှမနူးညံ့ဘဲ၊ ဖရက်သိသားနဲ့'

စုလှိုင်သည် နွမ်းနေသောပန်းလေးများကိုထပ်၍ ခြွေချလိုက်သည်။ မြေပေါ်တွင် ပွင့်ဖတ်ဖြူလေးများပြန့်ကျဲကုန်သည်ကို ဖရက်ဒီက ရီဝေစွာကြည့်နေသည်။

'ယူ နယ်လီကိုချစ်လား ဖရက်'

'အင်း ချစ်တယ်၊ ဒါပေမဲ့ စုကိုချစ်သလောက်တော့ မချစ်ဘူးထင်တယ်'

စုလှိုင်သည် ကျေနပ်စွာရယ်လိုက်မိသည်။ သူက မချစ်သော်လည်း လူတိုင်းလူတိုင်းသူ့ကိုချစ်ပြီး စွဲလမ်းတမ်းတနေစေလိုသည်။ ထိုစိတ်မကောင်းမှန်းသိသော်လည်း စုလှိုင်သည် သူ့စိတ်ကိုမတားမဆီးလွှတ်ထားသည်။ စိတ်ဟူသည်ကို တား၍ရသည်ဟုလည်း မထင်မှတ်ပေ။

'ဒက်ဒီ မိန်းမ နံပါတ်နှစ်သေတော့မယ်၊ ဖရက်သိလား'

'အင်း ကြားတယ်၊ မာမီပြောတယ်၊ ခု အဘိုးကြီးတော့ အတော်ဆွေးနေမှာပဲ'

'သူ့မှာပေါပါတယ်'

ပန်းပွင့်ကြွေလေးများအနားတွင် အဝါရောင်ဆင်တူလိပ်ပြာလေးနှစ်ကောင်ပျံဝဲနေသည်။ ပူးလိုက်ခွာလိုက်၊ နီးလိုက်ဝေးလိုက်ဖြင့်တစ်စုံတစ်ခုကို ရှာဖွေနေသလို တရစ်ဝဲဝဲပျံသန်းနေကြလေသည်။

'တစ်ခါတစ်ခါတော့ တွေးမိတယ်သိလား ဖရက်၊ လူဖြစ်လာရတာ ဘာများအဓိပ္ပာယ်ရှိပါလိမ့်လို့၊ ဘဝရဲ့အဓိပ္ပာယ်ကို ဒို့ရှာမတွေ့ဘူး၊ တစ်ခါတလေ စိတ်ရှုပ်ပေါက်တယ်၊ ငါ လူဖြစ်လာမယ့်အစား တိရစ္ဆာန်တစ်ကောင်ကောင်ပေါ့၊ ဆိုပါတော့ ဟိုနားမှာပျံနေတဲ့လိပ်ပြာလေးပဲဖြစ်လိုက်ပါတော့လို့'

'ဘာဖြစ်လို့လဲ'

'သူတို့ဘဝမှာ အဖေ၊ အမေ၊ မောင်နှမ၊ သမီးရည်းစား၊ ချစ်ခြင်းမေတ္တာမှမရှိကြတာ၊ စုက သူတို့လိုပဲ၊ ဒါပေမဲ့ ကိုယ်ကလူဖြစ်နေတယ်'

စုလှိုင်သည် ခြောက်ခြောက်သွေ့သွေ့လေးရယ်လိုက်သည်။ ဆေးလိပ်သောက်လိုစိတ်ပြင်းပြစွာဖြစ်ပေါ်လာသည်။

'ဒက်ဒီမဆုံးခင်ကပြောဖူးတယ်၊ လူနဲ့တိရစ္ဆာန်ကိုစည်းတားထားတာ၊ ကိုယ်ကျင့်တရားနဲ့ချစ်ခြင်းမေတ္တာတဲ့၊ ကိုယ်က အိမ်မှာဝိုင်းထောင်နေတဲ့သူပဲ၊ ဆေးခြောက်လည်းရှူတယ်၊ အရက်လည်းသောက်တယ်၊ အခုဆိုရင် မိန်းမလည်းလိုက်နေပြီ၊ နောက်ပြီး ဘိန်းကုန်တောင်ကူးဦးမယ်၊ ကိုယ်ကျင့်တရားဘက်ကတော့ သုံးမရပါဘူး၊ ဒါပေမဲ့ ချစ်ခြင်းမေတ္တာတော့ ရှိတယ်၊ ချစ်တတ်တယ်၊ စုဟာ ကိုယ့်ရဲ့အချစ်ဦးပါ'

'မေ့လိုက်စမ်းပါ ဖရက်ရာ'

စုလှိုင်က ခေါင်းကိုခါယမ်း၍ပြောသည်။ ရင်ထဲတွင် ဟာပြီး လည်ချောင်းက နာကျင်လာသည်။

'စုလေ လူတွေကိုမုန်းတယ်၊ လူစုလူဝေးထဲမှာလည်း မပျော်ဘူး၊ အခု ကျွန်းဆွယ်ပွဲတဲ့၊ လက်မှတ်တွေ တိုးလိုက်ကြတာ၊ အုန်းအုန်းကျွက်ကျွက်သွားလိုက်ကြတာ၊ စုလေ သွားပြီးကြည့်ချင်စိတ်လည်း မရှိဘူး၊ မြန်မာ ပထမရရ၊ မရရ စုအတွက်အရေးမကြီးပါဘူး'

'တိုင်းပြည်ကိုမချစ်ဘူးလား၊ တိုင်းပြည်အတွက် ဂုဏ်မယူချင်ဘူးလား'

'ဟင့်အင်း၊ ကိုယ့်ကိုယ်ကိုတောင် ချစ်မှချစ်ရဲ့လားမသိဘူး'

စုလှိုင်က ခြောက်ကပ်ကပ် ရယ်ပြန်သည်။ ဖရက်ဒီက သူ့ကို စိတ်မကောင်းသလိုကြည့်နေသည်ကိုတွေ့သောအခါ မခိုးမခန့်ပြုံးပြလိုက်လေသည်။

'ကဲ ထားပါတော့၊ ကိုယ့်ကိုတော့ စု စိတ်မဆိုးနဲ့နော်၊ မချစ်တတ်တာက ထားပါတော့၊ ဒါပေမဲ့ ဟိုစိတ်၊ ဟိုစိတ်ရောမရှိဘူးလား၊ ဒီလောက် ကျန်းမာနေတာပဲ၊ ကိုယ်ဆိုလိုတာက ပွင့်ပွင့်လင်းလင်းပြောရရင်၊ ဟိုလေ တစ်ခါတလေ ယောကျ်ားလေးကို မတောင့်တဘူးလား'

စုလှိုင်သည် ဖရက်ဒီကို ခပ်စူးစူးလေးစိုက်ကြည့်သည်။ ထူဝန်းပြည့်ဖြိုးသော နှုတ်ခမ်းနှစ်လွှာကို တင်းတင်းလေးစေ့ထားရင်း မျက်နှာလေးနီလာသည်။

'စု မညာချင်ပါဘူး၊ အဲဒီစိတ်တော့ရှိတာပေါ့၊ စိတ်ချမ်းသာမယ်လည်းထင်ရင်၊ အခွင့်အရေးလည်းပေးလာရင်၊ စုကိုယ်တိုင်လည်း နှစ်သက်ရင် စု အဲဒီလူနဲ့ အတူတူနေချင်မှာပေ့ါ'

စုက ဖရက်ဒီထက် ပို၍ပွင့်လင်းစွာပြောချလိုက်သည်။ ထို့နောက် ရုတ်ခြည်းမျက်ရည်ဝဲလာလေသည်။ ဖရက်ဒီသည် သူ့လက်ထဲမှ စီးကရက်တိုလေးကို အဝေးကိုလွှင့်ပစ်လိုက်ရင်း သက်ပြင်းချသည်။

'ကိုယ်ဟာ လူကောင်းမဟုတ်ပါဘူး စု၊ ကိုယ့်ပတ်ဝန်းကျင်ကလည်း မကောင်းပါဘူး၊ ဒါပေမဲ့ စုကိုတော့ စိတ်ကောင်းဝင်တုန်းသတိပေးချင်တယ်၊ စိတ်ထင်ရာလျှောက်မလုပ်ပါနဲ့၊ ခုချိန်အထိ စုမှာ နာမည်ပျက်မရှိသေးဘူး၊ အဲဒီလိုလုပ်ရင်တော့ အသားစားကျားတွေ ဝိုင်းလာလိမ့်မယ်'

စုလှိုင်၏မျက်နှာလေးသည် ရုတ်တရက်ပျော့ပျောင်းသွားသည်။ ဖရက်ဒီကို ကျေးဇူးတင်သလို လှမ်းကြည့်ရင်း မျက်ရည်မကျဘဲ ရှိုက်လိုက်မိသည်။

ထိုစဉ်တွင် သူတို့နားသို့ မာမီရောက်လာသည်။ မာမီမျက်နှာသည် ထိတ်လန့်တုန်လှုပ်နေသလို ဖြူရော်နေသည်။ **ဆက်လက်ဖော်ပြပါမည်။**

# သထုံမြို့နယ်၌ နွေရာသီအခြေခံပန်းချီနှင့်ဂီတသင်တန်းဖွင့်လှစ်



သထုံ ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်ရှိ ကြေးသွန်းဘုရားဝင်းအတွင်း၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး အခြေခံပန်းချီရေးဆွဲနည်းနှင့် ဂီတသင်တန်းတို့ကို ဖေဖော်ဝါရီလ ၁၆ ရက်က စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပန်းချီပညာရပ်အား နားလည်ပြီး ကြံဆရေးဆွဲနိုင်ခြင်းဖြင့် ထိုးထွင်းကြံဆနိုင်သည့် အလေ့အကျင့်ကောင်းကို ရရှိစေမည်ဖြစ်ကာ ၎င်းတို့၏ ပညာရေး၊ ကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ပြင် ဂီတပညာရပ်အား စိတ်ပါဝင်စားသည့် လူငယ်များအတွက် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းဖန်တီးပေးခြင်းဖြင့် ဝါသနာပါရာကို သင်ယူလေ့လာကာ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၁၆ ရက်မှစတင်ကာ နေ့စဉ်မွန်းလွဲ ၂ နာရီခွဲမှ ညနေ ၄ နာရီအထိ နှစ်ပတ်ကြာဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူ ၇၀ ဦးခန့်တက်ရောက်ကြပြီး ပန်းချီပညာရှင် နည်းပြလေးဦးနှင့် ဂီတပညာရှင်တစ်ဦးတို့က အခြေခံပန်းချီစနစ်တကျရေးဆွဲနည်းနှင့် ဂီတပညာအခြေခံတို့ကို အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# သုံးခွမြို့နယ် စီကြီးကုန်းကျေးရွာ၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှုအသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာအုပ်စု စီကြီးကုန်းကျေးရွာဓမ္မာရုံ၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဇီဝလုံခြုံမှုအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သုံးခွမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်က တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများ၊ ဇီဝလုံခြုံမှုနှင့် လုပ်ဆောင်ရမည့်အချက်အလက်များကို ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသူများ တက်ရောက်ကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်ကိုကိုခိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်သို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

ဘားအံ ဖေဖော်ဝါရီ ၁၇

၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘားအံ ကျန့်တိတ် ဗုဒ္ဓဘာသာဘုံကျောင်း၌ ကျင်းပသည်။

နှစ်သစ်ကူးပွဲတော်သို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘားအံကျန့်တိတ်ဘုံ လူကြီးများနှင့် Grand Dragon & Lion အဖွဲ့မှ လူငယ်များက လိုက်လုံ နွေးထွေးစွာ ကြိုဆိုကြကာ တရုတ်ရိုးရာနှစ်သစ်ကူး ပဝါများဖြင့် ဂါရဝပြုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် လျှပ်စစ်ပြောက်အိုးအား စက်ခလုတ်နှိပ်၍ နှစ်သစ်ကူးအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်ရိုးရာခြင်္သေ့အရုပ်အား ဆေးခြယ်အသက်သွင်းခြင်းမင်္ဂလာ (ခိုင်းကွမ်းမင်္ဂလာ) အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျန့်တိတ်ဘုံကျောင်းတွာကိုးတို့က တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးမင်္ဂလာဆုတောင်းစကားပြောကြားပြီး ဘားအံကျန့်တိတ်ဘုံကျောင်းအတွက် ငွေကျပ် သိန်း၂၀ကို နှစ်သစ်ကူး အန်ပေါင်းပေးအပ်သည်။

ယမန်နေ့နံနက်ပိုင်းကလည်း အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)



အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီက ကြီးမှူး၍ နွေရာသီကျောင်း အားလပ်ရက်များတွင် ဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်မွေးပညာ ကာလတိုသင်တန်းများဖြစ်သော အခြေခံကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများကို အသုံးချ၍ မိမိမိသားစု၊ ရပ်ရွာ၊ ပြည်နယ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြရန် ပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို သင်တန်းသားကိုယ်စားလှယ်များထံ ပေးအပ်၍ သင်တန်းခန်းမများအတွင်း ဘာသာရပ်အလိုက် ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့နံနက် ၅ နာရီ ၂၀ မိနစ် ၄၆ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၈၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(စေတုတ္တရာမြို့၏ အနောက်ဘက် မိုင် ၂၀ ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၃ ဒီဂရီ၊ အနက် ၁၆ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)




## ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ရာထူးခန့်အပ်လွှာပေးအပ်



ပဲခူး ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဗဟိုအုပ်ချုပ်ရေးအဖွဲ့မှ တရားဝင်အတည်ပြုခန့်အပ်ခြင်းခံရသော တပ်ဖွဲ့ဝင် အရာရှိခြောက်ဦးအား ရာထူးခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဗဟိုအုပ်ချုပ်ရေးအဖွဲ့မှ တရားဝင်အတည်ပြုခန့်အပ်ခြင်းခံရသောတပ်ဖွဲ့ဝင် အရာရှိခြောက်ဦးအား ရာထူးခန့်အပ်လွှာများကို ပဲခူးတိုင်းဒေသကြီး၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှမန္တလေးငလျင်ကြီးဘေးသင့်ဒေသများတွင် ပြည်သူလူထုများအတွက် လူမှုကရုဏာဆိုင်ရာ လုပ်ငန်းများကို စွမ်းစွမ်းတမံပူးပေါင်းညှိနှိုင်းပါဝင်ဆောင်ရွက်ပေးခဲ့သည့် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ ဒေသဆိုင်ရာမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက လက်ခံရယူသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီအတွက် အလှူရှင်များက အလှူငွေများအသီးသီးပေးအပ်လှူဒါန်းကြပြီး ရာထူးခန့်အပ်လွှာပေးအပ်ခြင်းခံရသည့် တပ်ဖွဲ့ဝင်အရာရှိများကိုယ်စား သဲကုန်းမြို့နယ်တပ်ဖွဲ့မှူး ဦးမြင့်ကျော်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ (၄၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

**ဆီစားလို့အသားမဖြစ် ဆီများလျှင်ဘေးဖြစ်သည်။**
**ဆီကိုရှောင် အိုတောင်နုပျိုဆဲ။**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဟုမ္မလင်း ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဟုမ္မလင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဒေသခံတောင်သူများနှင့်အတူ တောင်သူ ဒေါ်နော်ဆဲလား စိုက်ပျိုးထားသည့် အောင်နိုင်တိုးစပါးမျိုး တစ်ဧကအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောနှောသုံးစွဲခြင်း ကွင်းသရုပ်ပြမှုကို ကြည့်ရှုကြပြီး စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။


ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောနှောသုံးစွဲခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများကိုပေးအပ်ပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာရှိတောင်သူဒေါ်ရီရီသိန်း စိုက်ပျိုးထားသည့် အာသန်မျိုးလက်ဖက်စိုက်ခင်း ရှစ်ဧကသို့ရောက်ရှိကာ ဒေသခံတောင်သူများ လက်ဖက်ခူးဆွတ်နေမှုများကိုကြည့်ရှုကြပြီး ဒေသခံတောင်သူများထံ မြတ်ရိတ်စက်များပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဟုမ္မလင်းမြို့နယ် နောင်မခံကျေးရွာရှိ ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံပြည့်ဝစေရန် လယ်ယာမြေဧက ၃၀၀ အား စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည့် အလျားပေ ၄၅၀၊ အမြင့် ၁၀ ပေ၊ ရေထိပ်ပြင် အကျယ် ၁၂ ပေ မြေသားကန်ပေါင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာရှိ စိုက်ပျိုးရေးကုန်ထုတ်လမ်း အရှည် ၁ မိုင် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ကျောက်ရောမြေသားလမ်းခင်းကျင်းပြီးစီးမှုကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်အတူ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## အိုးထိန်းမြေ ဓမ္မစကူးလ်သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ




ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော အိုးထိန်းမြေဓမ္မစကူးလ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၆ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဓမ္မစကူးလ်သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဓမ္မစကူးလ်အဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆိုကာ ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ငါးပါးသီလနှင့် ဆုံးမဩဝါဒများကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ရွာသစ်ကုန်းကျေးရွာ အိုးထိန်းမြေဓမ္မစကူးလ်သင်တန်းတာဝန်ခံဆရာတော် ဦးတိလောကက ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာစေရန် ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားကာ ကျောင်းသားမိဘများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရွာသစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီးနှင့် တာဝန်ရှိသူများက အိုးထိန်းမြေဓမ္မစကူးလ်သင်တန်း ကျောင်းသား၊ ကျောင်းသူများကို အတန်းလိုက် ဗုဒ္ဓဝင်ဉာဏ်စမ်းပဟေဠိ အမေး/အဖြေ ပြုလုပ်၍ဖြေဆိုနိုင်သော ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများက ဓမ္မစကူးလ်နှိုးဆော်တေးကဗျာများကို သီဆိုဖျော်ဖြေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပုသိမ်မြို့နယ်၌ ထောပတ်ပဲဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ထောပတ်ပဲဖြူ(အပြားကြီး)များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ပဲအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်သူဇာဝင်း၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်၌ ဖေဖော်ဝါရီလဒုတိယပတ်မှစ၍ ထောပတ်ပဲဖြူ(အပြားကြီး)များကို ဒေသဈေးကွက်မှ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"အခုဒေသဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲဖြူတွေ ဝယ်လိုအားကောင်းနေပါတယ်။ ဖေဖော်ဝါရီလဒုတိယပတ်လောက်ကတည်းက အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ထောပတ်ပဲဖြူတွေ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလည်း ထောပတ်ပဲနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အရောင်းအဝယ်ကောင်းမွန်လာတော့ ထောပတ်ပဲဖြူကို သိုလှောင်ထားတဲ့သူတွေ အဆင်ပြေလာပါတယ်" ဟု ဒေါ်သူဇာဝင်းကပြောသည်။

ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်၌ ထောပတ်ပဲဖြူများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## ထန်းတပင်မြို့နယ်၌ ဇီဝလုံခြုံမှုဆိုင်ရာ အသိပညာပေးဟောပြော



ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ထန်းတပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦးက တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် ဇီဝလုံခြုံမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦးက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသော ဒေသခံတောင်သူများကို အသိပညာပေးလက်ကမ်းစာစောင်များနှင့် မွေးမြူရေးလုပ်ငန်းသုံး ခြံဖျန်းဆေးများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဓနုဖြူမြို့နယ်၌ ကွန်ကရစ်တံတားတည်ဆောက်



ဓနုဖြူ ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဌာနမှတာဝန်ယူဆောင်ရွက်ခဲ့သည့် ဆင်လမ်းလေးတံတား ပေ ၄၀ တည်ဆောက်နေမှုအခြေအနေအား ဖေဖော်ဝါရီလ ၁၆ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက ခရိုင်/မြို့နယ် တာဝန်ခံများနှင့်အတူ ဆင်လမ်းလေးတံတား ပေ ၄၀ ကွန်ကရစ်တံတားတည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆင်လမ်းလေးတံတားတည်ဆောက်ပြီးစီးပါက ဓနုဖြူမြို့နယ်အတွင်းရှိကျေးရွာငါးရွာ၊ အိမ်ခြေ ၂၁၈ အိမ်၊ လူဦးရေ ၁၁၇၆ ဦးတို့ကို အကျိုးပြုမည့်အပြင် နယ်နိမိတ်ချင်းထိစပ်နေသည့် ပန်းတနော်မြို့နယ်ရှိ ကျေးရွာများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များကိုပါ ကျေးလက်လမ်းကွန်ရက်များအသုံးပြု၍ ချိတ်ဆက်သွားလာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှသိရသည်။

ဇင်မာ

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီလျာထားချက်ကေထက် တိုးချဲ့စိုက်ပျိုး

ကလေး ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ လျာထားချက်ကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရ သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကလေးမြို့၌ကြက်သွန်နီ ၃၄၂၅ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့ထိ ကလေးမြို့နယ်၌ ၂၆၅၁ ကေ၊ ကလေးဝမြို့နယ်၌ ၂၀၄ ကေနှင့် မင်းကင်းမြို့နယ်၌ ၇၁၉ ကေ စုစုပေါင်း ၃၅၇၄ ကေစိုက်ပျိုးနိုင်ခဲ့ပြီး လျာထားကေထက် ၁၄၉ ကေစိုက်ပျိုးနိုင်ခဲ့သည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၃၄၂၅ ကေလျာထားစိုက်ပျိုးခဲ့ရာ ၃၅၇၄ ကေအထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ လျာထားချက်ကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီဈေးကွက်တွေဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကပြောသည်။

ကလေးမြို့၌ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကိုကြာရှည်စွာထားခံနိုင်ရန်နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# ရုံးပိတ်ရက်ကာလများအတွင်း ရွှေသောင်ယံကမ်းခြေ၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

ရွှေသောင်ယံ ဖေဖော်ဝါရီ ၁၇

ရွှေသောင်ယံကမ်းခြေတွင် အစိုးရရုံးပိတ်ရက်များဖြစ်သည့် ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၇ ရက်အထိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားအပန်းဖြေ ဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါရွှေသောင်ယံကမ်းခြေ၌ ယခုရုံးပိတ်ရက်များတွင် အနားယူအပန်းဖြေသည့်ဧည့်သည်များ များပြားလာခြင်းမှာ မြို့စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးအဖွဲ့များ၊ ရွှေသောင်ယံဒေသနေပြည်သူများ၊ အလှူရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်း၊ ဧည့်သည်များ စိတ်အေးချမ်းသာစွာလာရောက်အပန်းဖြေနိုင်ရန် နယ်မြေအေးချမ်းတည်ငြိမ်ခြင်း၊ Sea & Lake အပန်းဖြေဥယျာဉ်တွင် အနားယူအပန်းဖြေနိုင်ရန် ပြည့်စုံစွာဆောင်ရွက်ထားခြင်းတို့ကြောင့် ဧည့်သည်များပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်သည်။ ယခုအစိုးရရုံးပိတ်ရက်များတွင် ရွှေသောင်ယံကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၌ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

ရွှေသောင်ယံကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များသည် ရေကစားခြင်း၊ သဲသောင်ပြင်လမ်းလျှောက်ခြင်းတို့ ပြုလုပ်ကြပြီး စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၌လည်း ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကိုကိုမောင်(ရွှေသောင်ယံ၊ ပြန်/ဆက်)



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပလတ်စတစ်ရေဘူးများ၏ မမြင်ရသောအန္တရာယ်

ဒေါက်တာသိဂီကျော်

**"ပလတ်စတစ်ရေဘူးများကို အရည်အသွေးနိမ့်ပလတ်စတစ်ဖြင့် မကြာခဏပြုလုပ်လေ့ရှိသောကြောင့် ကိုင်တွယ်တိုင်း၊ နေရောင်ခြည်နှင့် အပူချိန်အတက်အကျများနှင့်ထိတွေ့တိုင်း သေးငယ်သောပလတ်စတစ်အပိုင်းအစများ ကွာကျသည်။ ထို့ပြင် အစားအစာကွင်းဆက်မှတစ်ဆင့် လူ့ခန္ဓာကိုယ်ထဲသို့ဝင်ရောက်သော တခြားပလတ်စတစ်အမှုန်အမွှားများနှင့်မတူဘဲ ရေသောက်ခြင်းဖြင့် တိုက်ရိုက်မျိုချမိနိုင်သည် . . ."**

တစ်ခါသုံးပလတ်စတစ်ရေဘူးများကို ခေတ်သစ်လူ့အဖွဲ့အစည်း၏နေရာတိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာကြသောကြောင့် အမှိုက်ပုံများ၊ မြစ်များ၊ သမုဒ္ဒရာများနှင့် သဘာဝနေရင်းဒေသများတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ပြဿနာမှာ ကြီးထွားလာနေပြီး အရေးတကြီးဖြေရှင်းရမည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်နေသည်။ ပလတ်စတစ်ရေဘူးများ၏ မမြင်ရသောအန္တရာယ်နှင့် ပတ်သက်၍ သိပ္ပံပညာရှင်များက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

သိပ္ပံပညာရှင်များသည် ခရမ်းလွန်ရောင်ခြည်ကို မိုက်ခရိုပလတ်စတစ်အမှုန်များ ဖြစ်ပေါ်လာစေသည့် ပလတ်စတစ်ပြိုကွဲမှု၏ အဓိကအကြောင်းရင်းတစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်။ Science Advances တွင်ထုတ်ဝေသော သိပ္ပံပညာရှင်များ၏ လေ့လာမှုအသစ်တစ်ခုအရ ရေထဲရှိအလွန်သေးငယ်သော ပူဖောင်းလေးများသည် ရေထဲရှိ ပလတ်စတစ်များကိုတိုက်စားပြီး မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ်အမှုန်များထုတ်လွှတ်မှုကို အထောက်အကူပြုကြောင်း တွေ့ရှိခဲ့သည်။

မိုက်ခရိုနှင့် နာနိုပလတ်စတစ်အမှုန်များ ထုတ်လွှတ်မှုသည် နှလုံးသွေးကြောနှင့် အာရုံကြောဆိုင်ရာရောဂါများနှင့် ဆက်စပ်နေကြောင်း သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ၂၀၂၅ ခုနှစ်က Journal of Hazardous Materials တွင် ထုတ်ဝေသော သုံးသပ်ချက်ဆောင်းပါးသည် တစ်ခါသုံးပလတ်စတစ်ရေဘူးများမှ နာနိုနှင့်မိုက်ခရိုပလတ်စတစ်အမှုန်များနှင့်ဆက်စပ်နေသော နာတာရှည်ကျန်းမာရေးအန္တရာယ်သက်ရောက်မှုများကို အလေးပေးဖော်ပြထားသည်။ ယခုအခါ လူ့အဖွဲ့အစည်းသည် နေရာတိုင်းတွင် ပလတ်စတစ်အသုံးပြုမှုကြောင့်ဖြစ်ပေါ်လာသည့် ကြီးမားသောစိန်ခေါ်မှုကို တိတ်တဆိတ်ရင်ဆိုင်နေရကြောင်း သုတေသနပညာရှင်များက အသိပေးချက် ထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင်Trinity College Dublin မှ သုတေသနအဖွဲ့တစ်ဖွဲ့သည် သမုဒ္ဒရာများနှင့် တခြားရေများရှိ ပလတ်စတစ်များအပေါ် သေးငယ်သောပူဖောင်းလေးများ၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ခဲ့သည်။ ရေထဲတွင် မမြင်နိုင်သော သေးငယ်သည့်လေပူဖောင်းလေးများကြောင့် ဖြစ်ပေါ်လာသော ပလတ်စတစ်မျက်နှာပြင်တိုက်စားမှုသည် မိုက်ခရိုနှင့် နာနိုပလတ်စတစ်အမှုန်အမွှားများကို ရေထဲသို့ပိုမိုဝင်စေကြောင်းကို သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ပလတ်စတစ်ဘူးသည် အမြင်အားဖြင့်ကောင်းမွန်နေပါကလည်း ရွေ့လျားမှုနှင့် အထူးသဖြင့် အပူ၊ နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာထိတွေ့သောအခါ အဏုကြည့်မှန်ပြောင်းဖြင့်သာမြင်ရသော ပြိုကွဲမှုများ တိတ်တဆိတ်ဖြစ်ပေါ်ကြောင်း တွေ့ရသည်။ မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများကို မျက်စိဖြင့်မမြင်နိုင်ပေ။ ပလတ်စတစ်ပြိုကွဲမှုသည် ပတ်ဝန်းကျင်နှင့်လူသားများ၏ကျန်းမာရေးအတွက် မမြင်ရသော ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဟု Trinity College မှ ဦးဆောင်သုတေသီ ပါမောက္ခ John Boland က ပြောကြားခဲ့သည်။

မိုက်ခရိုပလတ်စတစ်အမှုန်အမွှားတစ်ခုသည် ၁ မိုက်ခရိုမီတာ(တစ်မီလီမီတာ၏တစ်ထောင်ပုံတစ်ပုံ) မှ ၅ မီလီမီတာ အထိရှိနိုင်သည်။ နာနိုပလတ်စတစ်များသည် ၁ မိုက်ခရွန်ထက်သေးငယ်သည်။ တစ်ခါသုံးပလတ်စတစ်ရေဘူးများမှ ထုတ်လုပ်သော နာနိုနှင့်မိုက်ခရိုပလတ်စတစ်များ၏ ကမ္ဘာလုံးဆိုင်ရာလူ့ကျန်းမာရေးအပေါ်သက်ရောက်မှုကို သိပ္ပံဆောင်းပါး ၁၄၁ ခုကျော်မှ အတွေးအမြင်များကို ရယူကာ လေ့လာသုံးသပ်ခဲ့သည်။ လူတစ်ဦးချင်းစီသည် တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် မိုက်ခရိုပလတ်စတစ်အမှုန်အမွှား ၃၉၀၀၀ မှ ၅၂၀၀၀ အထိ စားသုံးကြပြီး ရေသန့်ဘူးအသုံးပြုသူများသည် တစ်နှစ်လျှင် အမှုန်အမွှား ၉၀၀၀၀ ပိုမိုစားသုံးမိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများသည် ရေဘူးများပြုလုပ်ခြင်း၊ သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သက်တမ်းတစ်လျှောက်ပြိုကွဲသွားခြင်းနှင့်အတူ ဖြစ်ပေါ်လာသည်။ ပလတ်စတစ်ရေဘူးများကို အရည်အသွေးနိမ့်ပလတ်စတစ်ဖြင့် မကြာခဏပြုလုပ်လေ့ရှိသောကြောင့် ကိုင်တွယ်တိုင်း၊ နေရောင်ခြည်နှင့် အပူချိန်အတက်အကျများနှင့်ထိတွေ့တိုင်း သေးငယ်သောပလတ်စတစ်အပိုင်းအစများ ကွာကျသည်။ ထို့ပြင် အစားအစာကွင်းဆက်မှတစ်ဆင့် လူ့ခန္ဓာကိုယ်ထဲသို့ဝင်ရောက်သော တခြားပလတ်စတစ်အမှုန်အမွှားများနှင့်မတူဘဲ ရေသောက်ခြင်းဖြင့် တိုက်ရိုက်မျိုချမိနိုင်သည်။

**မိုက်ခရိုပလတ်စတစ်အမှုန်အမွှားနှင့် ကျန်းမာရေးဆိုင်ရာအကျိုးဆက်များ**

သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများသည် ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိသွားသည်နှင့် ဇီဝအတားအဆီးများကိုဖြတ်ကျော်ပြီး သွေးကြောထဲသို့ ဝင်ရောက်ကာ အရေးကြီးသောအင်္ဂါများထံ ပျံ့နှံ့ရောက်ရှိနိုင်သောကြောင့် ပြင်းထန်သောကျန်းမာရေးဆိုင်ရာအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်။ နာတာရှည်ရောင်ရမ်းခြင်း၊ ဆဲလ်များဓာတ်တိုးဖိစီးမှု၊ ဟော်မုန်းထုတ်လုပ်မှုပျက်စီးခြင်း၊ မျိုးပွားမှုချို့ယွင်းခြင်း၊ အာရုံကြောဆိုင်ရာပျက်စီးခြင်းနှင့် ကင်ဆာအမျိုးမျိုးကို ဖြစ်စေနိုင်သည်။ သွေးကြောများတွင် မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများ စုပုံလာခြင်းသည် အဓိကနှလုံးသွေးကြောဆိုင်ရာဖြစ်ရပ်များနှင့် သေဆုံးနိုင်ခြေတိုးလာခြင်းတို့ ဆက်စပ်နေပြီး ဦးနှောက်တစ်သျှူးများတွင် မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများ စုပုံခြင်းနှင့် အာရုံကြောဆိုင်ရာရောဂါများ ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ သုတေသီများသည် နာနိုနှင့်မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများကို တိုင်းတာရန် နည်းလမ်းများစွာကို ဖော်ထုတ်ခဲ့ကြသည်။ သို့သော် ကျယ်ပြန့်သောစမ်းသပ်မှုနှင့် စံသတ်မှတ်ထားသောတိုင်းတာခြင်းနည်းလမ်းများမရှိခြင်းကြောင့် ရေရှည်အကျိုးသက်ရောက်မှုများကို အသေးစိတ်မဖော်ထုတ်နိုင်သေးကြောင်း တွေ့ရှိရသည်။

**အကောင်းဆုံးကာကွယ်မှုဖြစ်သော ပညာပေးခြင်း**

ပတ်ဝန်းကျင်မှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကိုဖယ်ရှားခြင်းသည် အရေးကြီးသော ပထမခြေလှမ်းတစ်ခုဖြစ်သော်လည်း မလုံလောက်နိုင်ပေ။ မိုက်ခရိုပလတ်စတစ်အမှုန်အမွှားအဖြစ် အများဆုံးမှာ တစ်ခါသုံးပလတ်စတစ်အိတ်များ၊ ပိုက်များနှင့် ထုပ်ပိုးမှုများဖြစ်ကြောင်း၊ ချက်ချင်းအဆိပ်သင့်ခြင်းထက် ရေရှည်စုပုံခြင်းကြောင့် နာတာရှည်အဆိပ်သင့်ခြင်းဖြစ်ကြောင်း သိရှိနားလည်ရန်အတွက် လူထု၏အမြင်ကိုပြောင်းလဲရန် လိုအပ်သည်။ အဓိကအချက်မှာ ပလတ်စတစ်ရေဘူးများသည် ကျွန်ုပ်တို့သောက်သုံးသောရေထဲသို့ မမြင်ရသောအမှုန်အမွှားများကို အဆက်မပြတ်စွန့်ထုတ်နေသောကြောင့် အပူနှင့် ရိုးရှင်းသောရုပ်ပိုင်းဆိုင်ရာကိုင်တွယ်မှုကြောင့် ပိုမိုဆိုးရွားလာသည့်ဖြစ်စဉ်ကို နားလည်သဘောပေါက်ရန်လိုအပ်သည်။

**လေ့လာမှု၏အရေးကြီးသော တွေ့ရှိချက်များ**

သိပ္ပံပညာရှင်များသည် မိုက်ခရိုပလတ်စတစ်အမှုန်အမွှားများ၏အန္တရာယ်ရှိသော အကျိုးသက်ရောက်မှုများကို ဖော်ထုတ်နေဆဲဖြစ်ပြီး မျိုးပွားမှုပြဿနာများ၊ ကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာခြင်း၊ အသည်းအမာရွတ်ဖြစ်ခြင်းနှင့် ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှုလျော့ကျခြင်းတို့နှင့် ဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။ သမုဒ္ဒရာများတွင် မိုက်ခရိုပလတ်စတစ်အပိုင်းအစပေါင်း၂၄ ဒသမ ၄ ထရီလီယံ ခန့်ရှိပြီး အရေအတွက်မှာ ပိုမိုမြင့်မားနိုင်သည်။ နှစ်စဉ်ပလတ်စတစ်တန်ချိန် ၈ ဒသမ ၈ သန်းခန့်သည် သမုဒ္ဒရာထဲသို့ဝင်ရောက်နေသောကြောင့် အရေအတွက်မှာ မြင့်တက်လာဖွယ်ရှိသည်။ လေ့လာမှုတွင် ပူဖောင်းများတိုက်စားခြင်းဖြင့် သမုဒ္ဒရာထဲသို့ဝင်ရောက်လာသော မိုက်ခရိုပလတ်စတစ်များ ပိုမိုများပြားလာနိုင်ပြီး မိုက်ခရိုပလတ်စတစ်များ ပိုမိုပျံ့နှံ့စေနိုင်ကြောင်း မီးမောင်းထိုးပြထားသည်။ သိပ္ပံပညာရှင်များသည် အပူချိန်မြင့်မားသောအခါ ပူဖောင်းများဖြစ်ပေါ်မှုနှုန်း မြင့်မားလာသည်ကို မှတ်တမ်းတင်ခဲ့သည်။ လေ့လာမှုအရ အပူချိန်မြင့်မားသောအခါ ရေအမျိုးအစားအမျိုးမျိုးတွင် ရေပူဖောင်းသိပ်သည်းဆများ အဆမတန်တိုးလာခြင်းကိုလည်း တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးဌာန၏ အဆိုအရ ကမ္ဘာဂြိုဟ်သည် ၁၈၀၀ ပြည့်နှစ်များကတည်းက ၂ ဒီဂရီဖာရင်ဟိုက် ပူနွေးလာခဲ့သည်။ သမုဒ္ဒရာသည် ကမ္ဘာဂြိုဟ်၏ပိုလျှံသောအပူ၏ ၉၀ ရာခိုင်နှုန်းကိုစုပ်ယူပြီး ပူဖောင်းများတိုက်စားခြင်းကြောင့် မိုက်ခရိုပလတ်စတစ်များဖြစ်ပေါ်လာစေရန် အခွင့်အလမ်းပိုမိုများပြားစေသည်။ သုတေသနပြုချက်များအရ ပလတ်စတစ်သည် ရေနှင့်ထိတွေ့တိုင်း ပလတ်စတစ်မျက်နှာပြင်များပေါ်တွင် ဖြစ်ပေါ်လာသောလေပူဖောင်းများမှာ တိုက်စားခြင်းနှင့် မမြင်ရသောမိုက်ခရိုပလတ်စတစ်အမှုန်အမွှားများ ထုတ်လွှတ်ခြင်းကို ဖြစ်စေကြောင်း ပြသထားသည်။

**မိုက်ခရိုပလတ်စတစ်များနှင့်ပတ်သက်၍လုပ်ဆောင်ရန်အကြံပြုချက်များ**

ပတ်ဝန်းကျင်မှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကိုဖယ်ရှားခြင်းသည် အရေးကြီးသော ပထမခြေလှမ်းတစ်ခုဖြစ်သော်လည်း မလုံလောက်နိုင်ပေ။ Ocean Clean-up နှင့် Seabin အပါအဝင် အဖွဲ့တချို့သည် သမုဒ္ဒရာထဲမှ ပလတ်စတစ်များကို ဖယ်ရှားရန် ကြိုးပမ်းလျက်ရှိသည်။ ပြန်လည်အသုံးပြုနိုင်သောရေဘူးများနှင့် ပြန်လည်အသုံးပြုနိုင်သော ကုန်စုံအိတ်များကို အသုံးပြုခြင်းဖြင့် လူတစ်ဦးချင်းစီ၏ကိုယ်ပိုင်ပလတ်စတစ်အသုံးပြုမှုကို လျှော့ချရန်နှင့် ပတ်ဝန်းကျင်ထဲသို့ ဝင်ရောက်လာသော ပလတ်စတစ်ပမာဏကို လျှော့ချရန် ကူညီပေးနိုင်သည်။ အရေးပေါ်အခြေအနေများတွင်သာ ပလတ်စတစ်ဘူးမှ ရေကိုသောက်သုံးရန်နှင့် နေ့စဉ်ဘဝအတွက် ပြန်လည်အသုံးပြုနိုင်သော ဖန်သို့မဟုတ် သံမဏိပုလင်းများကိုအသုံးပြုရန် ကျွမ်းကျင်သူများက အကြံပြုထားကြသည်။

# ပူတာအိုခရိုင်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက်ဆွေးနွေးပို့ချ

ပူတာအို ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်အလိုက် ဆွေးနွေးပို့ချခြင်းကို ဖေဖော်ဝါရီလ ၁၆ ရက်က သတ်မှတ်နေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆွေးနွေးပို့ချရာတွင် မြစ်ကြီးနားတက္ကသိုလ်မှ မြန်မာစာပါမောက္ခ (ဌာနမှူး) ဒေါက်တာသိန်းဝင်းဦးဆောင်သော ဘာသာရပ်အလိုက် ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို)၊ အခြေခံပညာအထက်တန်းကျောင်း (လုံရှာယာန်)၊ အခြေခံပညာအထက်တန်းကျောင်း (ဆန်ဂေါင်)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (နမ်ထွမ်ခူး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (နမ်ဟော့)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (နမ်ရှယ်ကော့) ကျောင်းများမှ အဖွဲ့(၁) ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂၉ ဦး၊ အခြေခံပညာအထက်တန်းကျောင်း (လေယာဉ်ကွင်း) ခန်းမ၌ အခြေခံပညာအထက်တန်းကျောင်း (ဒုတ္တန်)၊ အခြေခံပညာအထက်တန်းကျောင်း (လေယာဉ်ကွင်း)၊ အခြေခံပညာအထက်တန်းကျောင်း (ဇီးအွန်)၊ အခြေခံပညာအထက်တန်းကျောင်း (မူလာရိုးဒီ)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ပမ္မတီး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ထဝါဒမ်း) ကျောင်းများမှ အဖွဲ့ (၂) ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၂ ဦးနှင့် ပူတာအိုခရိုင်အတွင်းရှိ ပူတာအို၊ မချမ်းဘော့၊ နောင်မွန်မြို့နယ်များမှ ဆရာ၊ ဆရာမ စုစုပေါင်း ၁၁၀ ဦးတို့ကို Zoom ဖြင့် ဖေဖော်ဝါရီလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဆွေးနွေးပို့ချလျက်ရှိသည်။

ပူတာအိုခရိုင်အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပူတာအို၊ မချမ်းဘော့၊ နောင်မွန်စာစစ်ဌာနသုံးခု၌ ကျောင်းသား၊ ကျောင်းသူ (အတွင်း/အပြင်ဖြေ) စုစုပေါင်း ၉၆၆ ဦးက မတ်လ ၁၀ ရက်တွင် စတင်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# မြစ်သားမြို့နယ်၌စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ နေကြာစိုက်တောင်သူများစိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှသိရသည်။



မြစ်သားမြို့နယ်အတွင်း စားသုံးဆီဖူလုံပိုလျှံရေး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ စသည့် သီးနှံများစိုက်ပျိုးလျက်ရှိရာ အခြားသီးနှံစိုက်ပျိုးခြင်းထက် နေကြာသီးနှံသည် ထွန်ယက်စိုက်ပျိုးရပြီး လူနှင့်လုပ်အားခအရင်းအနှီးများစွာ မကုန်ကျ၍ ဒေသခံတောင်သူများ ဝင်ငွေကောင်းမွန်ခြင်းကြောင့် ဆီထွက်သီးနှံနေကြာကိုစိုက်ပျိုးရခြင်းဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းများတိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရန်၊ နေကြာမျိုးစေ့နှင့် တောင်သူနည်းပညာပေးခြင်းလုပ်ငန်းများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းနေကြာကို တိုးချဲ့စိုက်ပျိုးပါက ဝင်ငွေတိုးပွားရရှိမည်ဖြစ်သည်။

ယခုအခါနေကြာတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်ငွေကျပ်ရှစ်သိန်းခန့်ကုန်ကျကာ တစ်ဧကအထွက်နှုန်းမှာ ၂၅ တင်းမှ တင်း ၃၀ အထိထွက်ရှိပြီး တစ်တင်းကို ကြိတ်ခွဲလျှင် ဆီသုံးပိဿာခွဲမှ လေးပိဿာထိထွက်ရှိသောကြောင့်နေကြာစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှသိရသည်။

ဝါဝါမြင့်(မြစ်သား)

# သဲကုန်းမြို့နယ်၌ ထန်းလျက်ချက်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိ

သဲကုန်း ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ရှိ ကျေးရွာအချို့တွင် တစ်နိုင်တစ်ပိုင်ထန်းလျက်ချက်လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသော်လည်း မိသားစုအပိုဝင်ငွေရရှိစေရန်အတွက် ထန်းပင်တက်၍ ထန်းလျက်ချက်ရောင်းချခြင်းလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိပြီး ထန်းပင်တက်သော တောင်သူများအတွက်မူ ထန်းသီးနုချိန်မှရင့်ချိန် အထိ နေ့စဉ်ဆောင်ရွက်နေရသောလုပ်ငန်းဖြစ်သည့် အတွက် အခက်အခဲမရှိဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်သည်။

ထန်းပင်တက်တောင်သူများအနေဖြင့် မိမိတို့၏ ခြံဝင်းနှင့်လယ်ကန်သင်းများတွင် အလေ့ကျပေါက်နေသောထန်းပင်များကို တစ်ရက်လျှင် နှစ်ကြိမ်ခန့် ထန်းရည်ရယူပြီး ရရှိသောထန်းရည်များကို ကျိုချက်ခြင်း၊ ဈေးကွက်ဝင် တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော ထန်းလျက်ကျိုချက်၍ ရောင်းချကြသည်။ ဘဲကုန်းဒေသထွက်ထန်းလျက်များကို လက်ဆောင်ပေးရန်လာရောက်ဝယ်ယူကြသောကြောင့် ထန်းလျက်ရောင်းချသူများ မိသားစုအပိုဝင်ငွေရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

# ညောင်ဦးမြို့နယ်၌သောက်သုံးရေဖူလုံစေရန် နေ့စဉ်ရေလှူဒါန်းပေး



ညောင်ဦး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာသို့သွားရောက်ပြီး သောက်သုံးရေလိုအပ်နေသော ဒေသခံပြည်သူများကို သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများသွားရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများလှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော်ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ရွှေလှိုင်းကျေးရွာရှိဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀ အား ပွင့်လင်းရာသီကာလ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျဖြန့်ဝေလှူဒါန်းပေးသည်။

အလားတူ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေလှူဒါန်းပေးခြင်းကို ညောင်ဦးမြို့နယ် ထနောင်းစုကျေးရွာသို့သွားရောက်၍ ဒေသခံပြည်သူများအား ရေဂါလန် ၃၂၀၀ အားဖြန့်ဝေလှူဒါန်းပေးကြောင်း၊ အဆိုပါသောက်သုံးရေများ နေ့စဉ်လှူဒါန်းနိုင်ရန်အတွက် ရပ်ဝေးရပ်နီးမှ စေတနာရှင်အလှူရှင်များက သောက်သုံးရေအလှူငွေများ ပါဝင်ကူညီလှူဒါန်းပေးကြကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## အခက်ခဲဆုံးမို့ လက်တွဲရှုန်းစို့

✤ သမိုင်းတစ်ခေတ်
ရိုင်းသနစ် ထုတ်နုတ်ရှာတော့
အချုပ်အခြာ ထွက်မြတ်နန်းရယ်လို့
လွတ်လပ်ပန်း ဤသရဖူက
ပြည်သူတွေ မစည်းလုံးသော်ကြောင့်
ဆုံးရှုံးရလွယ်ခဲ့သည်။

✤ ထွတ်မြတ်အလင်းရယ်နဲ့
လွတ်လပ်ခြင်း ဘဝထူးစံဖို့
ရယူရန် သမိုင်းတစ်လျှောက်မှာဖြင့်
မရိုင်းမကြောက် ဘာမထီဘု
အာဇာနည်သွေးအသက်တို့
အခါခါအလီလီပေးဆက်ရ
ခဲခက်နှစ်ချီ။

✤ အသက်ဖွဲတွေနဲ့
အခက်အခဲရင်ဆိုင်လို့
လက်ဝယ်ပိုင် ပြန်ကာရလာတဲ့
မြန်မာသမ္မတ မဟာကြယ်အလံက
ကာကွယ်ရန် အခက်ခဲဆုံးပေမို့
လက်တွဲရုန်းပါမှ တော်လေမည်
ဖော်ဆွေညီစို့ ပြည်ထောင်ဖွား။

✤ အတည်မမေ့နိုင်တဲ့
ဤယနေ့ လွတ်လပ်ခါမတော့
မချွတ်မှတ်စရာ သမိုင်းလှစ်ပါတဲ့
အရိုင်းသနစ် ပြန်မြင်ပ့ါ
အမှန်ဆင်ခြင် ရိုင်းပင်းအားတွေနဲ့
တိုင်းရင်းသား သဟာညီလို့
ကမ္ဘာချီ မြန်မာတည်ရအောင်
(အဓိဋ္ဌာန်ကာလေ....)
နိုးထစို့လား။ ။

ချစ်စုအောင်

## MWD Variety Channel

၁၈-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာ ပြတိုက်မှာ |
| ၂။ | ၁၀:၁၅ | ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (သင်္ချာဘာသာရပ်) |
| ၃။ | ၁၆:၃၀ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |
| ၄။ | ၂၂:၃၅ | ရောင်စုံပျံ့သင်းစာပန်းခင်း |

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

# ကျောက်ဆည်မြို့နယ် သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နွေနှမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးမည်

ကျောက်ဆည် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ဒေသတွင်းစားသုံးဆီဖူလုံရေး နယ်မြေဒေသအလိုက် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ သင်းဒီးစိုက်ပျိုးရေးနည်းပညာပေးစခန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၌ နွေနှမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့နွေနှမ်းစိုက်ပျိုးရာတွင် နွားတက်၊ သင်းဒီး၊ အထက်လင်းဇင်မြောင်းရေများဖြင့် ဟံမြင့်မိုရ်ကျေးရွာအုပ်စု၌ ၇၀၂ ဧက၊ လယ်ကြီးကျေးရွာအုပ်စု၌ ၁၀၅၁ ဧက၊ ပုန်းညက်ကျေး ကျေးရွာအုပ်စု၌ ၁၂၉၇ ဧက၊ ကျားကာကျေးရွာအုပ်စု၌ ၁၂၀၅ ဧက၊ သံရွာကျေးရွာအုပ်စု၌ ဧက ၆၅၀၊ ခါးတက္ကုန်းကျေးရွာအုပ်စု၌ ၂၄၄ ဧက၊ ဆူးလေကုန်းကျေးရွာအုပ်စု၌ ဧက ၉၄၀၊ ပေါက်ပင်ကွေ့ကျေးရွာအုပ်စု၌ ၁၀၄၅ ဧက၊ မြေစိုမိုးကျေးရွာအုပ်စု၌ ၁၂၀၃ ဧက၊ ပဲခင်းကျေးရွာအုပ်စု၌ ၁၃၀၂ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စု၌ ဧက ၈၂၀ စုစုပေါင်း ၁၀၄၅၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နှမ်းစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး တောင်သူများနှင့်ပူးပေါင်းပြီး နည်းပညာများ စနစ်တကျပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နှမ်းစိုက်တောင်သူများကလည်း ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄) နှမ်းအဖြူမျိုးများ အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။



သက်မောင်(ကျောက်ဆည်)

# ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ၏ အတိုးရငွေများဖြင့် ဒေသခံပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်စေရန်ရည်ရွယ်၍ ပျဉ်ထောင်ကျေးရွာနှင့်ကံကုန်းကျေးရွာတို့၌ ကျေးရွာတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာညွှန့်နှင့် တာဝန်ရှိသူများသည် ပျဉ်ထောင်ကျေးရွာနှင့် ကံကုန်းကျေးရွာတို့၌ အရှည်ပေ ၆၀၀ ရှိ ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ အဆိုပါရန်ပုံငွေများမှ အတိုးရငွေ ငွေကျပ် သိန်း ၇၀ ကို အသုံးပြုကာ ကျေးရွာတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ ဒေသခံပြည်သူများ၏နေအိမ်များ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပြီး လူမှုစီးပွားဘဝများလည်း ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



ညောင်ရွှေ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မိုင်းပျိုးကျေးရွာအုပ်စု ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၇ ဒသမ ၁၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြေးထက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၅ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၇ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးပေး

မြဝတီ ဖေဖော်ဝါရီ ၁၇

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဖားကလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးပေးခြင်းကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖားကလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား ၃၆ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၆၅ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

ဘိုဘို

# ကျွန်းစုမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်

ကျွန်းစု ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၁၆ ရက်က ကျွန်းစုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ ဆောင်ရွက်သည်။

ထိုသို့ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဌေး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး၊ မီးသတ်ပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ပြီး ဦးစွာ ဈေးအတွင်းရှိ မီးသတ်ဆေးဘူးများ ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်ကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)



# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ( ၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ်(၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)နှင့် ပုဒ်မခွဲ(ထ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း**ဆိုသည်မှာ အကူသူနာပြုများကိုဖြစ်စေ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနည်းပညာဘာသာရပ်အလိုက် စနစ်တကျလေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရန် သတ်မှတ်ထားသည့်အင်္ဂါရပ်များနှင့်အညီ သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်သောလုပ်ငန်းကိုဆိုသည်။

(ထ) **ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ ဆေးကုသဌာနတည်ထောင်ဖွင့်လှစ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဘာသာရပ်ဆိုင်ရာ အထူးဆေးကုသခွင့်လိုင်စင်ရရှိသူက အနည်းဆုံး ၂၄ နာရီစောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှုကို စနစ်တကျကုသသည့်လုပ်ငန်းကိုဆိုသည်။

ရှင်းလင်းချက်။ **အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန်မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှု**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၀-ခ ပါ အင်္ဂါရပ်များနှင့်ညီညွတ်မှုရှိသည့် ခွဲစိတ်ခန်းအသုံးပြု၍ ခွဲစိတ်မှုပြုလုပ်ကုသရန် လိုအပ်သော်လည်း ဆေးရုံတွင် ၂၄ နာရီထက်ကျော်လွန်၍ အတွင်းလူနာအဖြစ် တက်ရောက်ကုသရန် လိုအပ်ခြင်းမရှိသည့် ခွဲစိတ်ကုသမှုကိုဆိုသည်။"

(ခ) မူလပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ)နှင့်(န)တို့ကို ပုဒ်မခွဲ (ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့်(ဖ)တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတွင်ပါရှိသော **"အစိုးရအဖွဲ့"**ဆိုသည့်စကားရပ်ကို **"ပြည်ထောင်စုအစိုးရအဖွဲ့"** ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ **"ကျန်းမာရေးဦးစီးဌာန"**ဆိုသည့်စကားရပ်ကို **"ကုသရေးဦးစီးဌာန"**ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ကြိုတင်ခွင့်ပြုချက်"** ဆိုသည့်စကားရပ်ကို **"ကြိုတင်ထောက်ခံချက်"**ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **"ပြည်နယ်၊ တိုင်း"** ဆိုသည့်စကားရပ်ကို **"နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်"** ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)နှင့် (ည) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"( ဈ ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊

(ည) ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း။"

၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအခန်း(၈)၏ နောက်တွင် အခန်း(၈-က)နှင့်အခန်း(၈-ခ) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

**"အခန်း(၈-က)**

**ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-က။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့်ညီညွတ်ရမည်-

(က) သင်တန်းကျောင်း၏ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုစနစ်တို့ကို စီစဉ်ထားရှိခြင်း၊

( ခ ) ဆေးလက်တွေ့သင်ကြားမည့်သင်တန်းများအတွက် သက်ဆိုင်သောဌာနများပါရှိသည့် ဆေးရုံများနှင့်တွဲဖက်ဖွင့်လှစ်ခြင်း၊

( ဂ ) ဆေးလက်တွေ့မဟုတ်သည့်သင်တန်းများအတွက် လိုအပ်သည့်အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း၊

(ဃ) အဆောက်အအုံ၏ပုံစံနှင့်အခန်းဖွဲ့စည်းမှုများသည် ကျောင်းအင်္ဂါရပ်များဖြင့်ညီညွတ်ခြင်း၊

( င ) မီးဘေးအန္တရာယ်လုံခြုံရေး၊ လေဝင်လေထွက်ကောင်းမွန်ရေးနှင့် လုံလောက်သောအလင်းရောင်ရရှိရေးတို့ကို စီစဉ်ထားခြင်း၊

( စ ) သင်ကြားပြသပေးမည့် ဘာသာရပ်ဆိုင်ရာဆရာများ ခန့်အပ်ထားခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်သင်ကြားခြင်း၊

( ဇ ) သင်တန်းသားလက်ခံရေးမူဝါဒနှင့် စိစစ်အကဲဖြတ်ရေးမူဝါဒတို့ကို ရေးဆွဲထားခြင်း၊

( ဈ ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း။

**အခန်း(၈-ခ)**

**ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-ခ။ ပုဂ္ဂလိကပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့်ညီညွတ်ရမည်-

(က) လုံလောက်သော အကျယ်အဝန်းရှိသည့် သီးခြားအဆောက်အဦရှိခြင်းနှင့်သတ်မှတ်ချက်များနှင့် ပြည့်စုံသောနေရာတွင် တည်ထောင်ခြင်း၊

( ခ ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသောစံများနှင့်ညီညွတ်ခြင်း၊

( ဂ ) ဆေးကုသဌာနအတွင်း၊ အပြင်နှင့်ပရိဝုဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) ပြင်ပလူနာများကို ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့်အခန်းနှင့်လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများထားရှိခြင်း၊

( င ) လူနာများကို အရေးပေါ်အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ခြင်း၊

( စ ) သတ်မှတ်ထားသော စံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့်ဆေးဝါးများထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

( ဇ ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

( ဈ ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါမပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကိုသတ်မှတ်ထားသောစံနှင့်အညီ စနစ်တကျစွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ည) သန့်ရှင်းသောသောက်ရေ၊ သုံးရေလုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

( ဋ ) ရေနှင့်မိလ္လာစနစ်ကို စနစ်တကျတည်ဆောက်ထားခြင်း၊

( ဌ ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့်အရေးပေါ်ကယ်ဆယ်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ထားခြင်း၊

( ဍ ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

( ဎ ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။"

၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိကဆေးခန်းလုပ်ငန်းနှင့်ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကိုပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့တင်ပြရမည်။

( ခ ) ပုဂ္ဂလိကဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများတည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက်လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ထောက်ခံချက်ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ထောက်ခံချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိကဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

( ခ ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၈။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့်(ဖ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏အချက်အလက်များကို မမှန်မကန်ကြော်ငြာခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ထ) သက်ဆိုင်ရာလိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၏အချက်အလက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊

( ဒ ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် ဘာသာရပ်အလိုက် လိုအပ်သည့် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများပြည့်စုံလုံလောက်စွာထားရှိပြီး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားနိုင်ရန် စီမံထားရှိခြင်း၊

( ဓ ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးဆိုင်ရာအကြောင်းအရာများနှင့်

**စာမျက်နှာ ၁၂ သို့ ➲**

➲ စာမျက်နှာ ၁၁ မှအဆက်

မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသောအကြောင်းအရာများကို သင်ကြားပို့ချခြင်းမပြုရန် ကြပ်မတ်ခြင်း၊

(န) ဖွင့်လှစ်ဆဲ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတစ်ခုခုရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲသင်တန်းသားများ၏အခွင့်အရေးမဆုံးရှုံးစေရန် စီမံဆောင်ရွက်ခြင်း၊

(ပ) သင်တန်းသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှုအရည်အချင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဖ) သင်တန်းသားများ၏အရည်အချင်းနှင့် ကျွမ်းကျင်မှုကိုစစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်းအောင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးခြင်း။”

၉။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၃၁။ မည်သူမဆိုပုဂ္ဂလိက ဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းကို လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၁ နှစ်မှ အများဆုံး ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။”

၁၀။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၃၃။ မည်သူမဆိုပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးထောင်ဒဏ် ၃ လမှ အများဆုံးထောင်ဒဏ် ၁ နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

---

▲ **ရှေ့ဖုံးမှအဆက်**

ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိပြီး ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး)ဘဝသံသရာရှုခင်းကြည့် ရထားခရီးစဉ်ကို Package ဖြင့် အထူးရထားစင်းလုံးငှားရမ်း ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီလ အတွင်း ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ခရီးသွားလာသူများကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားကြောင်း သိရှိရသည်။

တောင်ကြီး-ပေါမူ-တောင်ကြီး(အသွား/ အပြန်) ရှုခင်းကြည့်ရထားခရီးစဉ်အား ရထားစီးခရီးသည် များပြားမှုကြောင့် ဖေဖော်ဝါရီလ ၁၄ ရက်တွင် ရထားပြေးဆွဲမှုကို တောင်ကြီး ဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့ရပြီး ခရီးသည် စုစုပေါင်း ၄၆၁ ဦးနှင့် ဖေဖော်ဝါရီလ ၁၅ ရက်တွင် နံနက်ပိုင်း တစ်ကြိမ်ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၂၃၇ ဦး လိုက်ပါခဲ့ကြောင်း သိရှိရသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေး၍ ပြေးဆွဲချိန် ၁ နာရီခွဲခန့် ကြာမြင့်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာ၍ လမ်းခရီးတွင် ဘဝသံသရာ အဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးခဲ့ကာ ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာမှ နံနက် ၁၁ နာရီအချိန်တွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ အလားတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ညနေ ၅ နာရီပြန်လည်ရောက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား/ အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့် ရထားခရီးစဉ်ကို Package ဖြင့် အထူးရထားစင်းလုံးငှားရမ်း ပြေးဆွဲပေးခဲ့ပြီး ပုဂ္ဂလိကခရီးသွားအဖွဲ့မှ ခရီးသည် ၄၇ ဦးလိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် ရထားခရီးစဉ်အနေဖြင့် ဒီဇင်ဘာလ ၁၉ ရက်မှစတင်၍ အပတ်စဉ်စနေ၊ တနင်္ဂနွေရက်များတွင် ပြေးဆွဲပေးလျက်ရှိရာ ဇန်နဝါရီလအထိ ပုံမှန် RBE ရထားခရီးစဉ်တွင် ခရီးသည် ၆၂၀ ဦး၊ Package ဖြင့် RBE ရထား စင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၄၃၂ ဦး၊ စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ၁၁၄၀ ဦး ပို့ဆောင်ပေးခဲ့ပြီး ခရီးသည် စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ယခု ဖေဖော်ဝါရီလ ရုံးပိတ်ရက်ကာလအတွင်း ခရီးသည် စီးနင်းမှုများပြားသဖြင့် ဂုတ်ထိပ်(၁)၊ ဂုတ်ထိပ်(၂) ပုံမှန် RBE ရထားခရီးစဉ်ကို အထက်တန်း(၁)တွဲနှင့် ရိုးရိုးတန်း(၅)တွဲပါဝင်သော ရထားကြီးဖြင့် ပြေးဆွဲပေးခဲ့ပြီး ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်း ခရီးသည် စုစုပေါင်း ၅၈၂ ဦး၊ Package ဖြင့် RBE ရထားစင်းလုံးငှားရမ်းမှုတွင် ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ အထက်တန်း RBE တွဲ ခရီးစဉ်သုံးကြိမ်၊ ရိုးရိုးတန်း RBE တွဲခရီးစဉ်နှစ်ကြိမ်နှင့် ရိုးရိုးတန်း RBEတွဲ(၂)တွဲပါ ခရီးစဉ်တစ်ကြိမ် ဖြစ်၍ ခရီးသည်စုစုပေါင်း ၂၃၂ ဦးနှင့် စင်းလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ဖေဖော်ဝါရီလ ၁၁ ရက်၌ Mother Love ပုဂ္ဂလိကကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ၂၄၀ ဦး ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲပေးချိန်မှယနေ့အထိ ခရီးသည် စုစုပေါင်း ၃၂၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ် (၂)RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ် ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာအထိ လူ ၂၀ လိုက်ပါ စီးနင်းနိုင်သည့် RGC ရထားအား တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

အထက်ပါ **ရှုခင်းကြည့် Sight Seeing** ခရီးစဉ်များအတွက် Package ဖြင့် RBE (သို့မဟုတ်) ရထားကြီး စင်းလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံးပိုင်ကြီး(အထူးတန်း) ပြင်ဦးလွင်၊ ဖုန်း ၀၉-၄၄၈၅၃၈၈၃၀နှင့် ကလော-ရွှေညောင် အသွား/ အပြန် ခရီးစဉ်အတွက် Package ဖြင့် အထူးရထားငှားရမ်းမှုများကို ရုံးပိုင်(တာဝန်ခံ)ကလော၊ ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# မန်းရွှေစက်တော်ရာဘုရားကြီးတွင် ရုံးပိတ်ရက်ရှည် ကာလအတွင်း ဘုရားဖူးများဖြင့် စည်ကားခဲ့



**မင်းဘူး ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိမန်းရွှေစက်တော်ရာ ဘုရားကြီးတွင် ယနေ့ထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူပေါင်း သုံးသောင်းခန့် လာရောက်ခဲ့ပြီး တည်းခိုဆောင်အခန်းများပြည့်သည်အထိစည်ကားခဲ့ကြောင်း မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ရာဘုရားကြီး၌ ဘုရားပွဲတော် ကျင်းပစဉ်ကာလတစ်လျှောက် ပွဲတော်ဖွင့်ပွဲရက်၊ တပို့တွဲလပြည့်နေ့၊ တပေါင်းလပြည့်နေ့နှင့် တန်ခူးလ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလများတွင် နှစ်စဉ်နှစ်တိုင်း အစည်ကားဆုံးဖြစ်ကာ ယခုနှစ် ဘုရားပွဲတော်ကာလတွင် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ မိသားစုက မကွေးမြို့ကနေ နေ့ချင်းပြန်လာကြတာပါ။ ဘုရားရောက်တော့ ခြေတော်ရာနှစ်ဆူကို ဦးခိုက်ဖူးမြော်ပြီး ဘုရားပန်းလှူ၊ ရွှေသင်္ကန်းနဲ့ ဆွမ်းကပ်လှူတယ်။ ဒါ့အပြင် နဂါးစာကျွေးကုသိုလ်ပြုပြီး ဘုရားက မျောက်ကလေးတွေကို အစာကျွေးကြတယ်၊ အိမ်က ကလေးတွေ ဘုရားဖူးလည်ပတ်ရင်း ပင်ပန်းထားသမျှ မန်းချောင်းထဲမှာ ရေချိုးပြီး အပန်းဖြေနေတာမြင်တွေ့ရတော့ စိတ်ထဲမှာကြည်နူးပျော်ရွှင်ရပါတယ်”ဟု မကွေးမြို့မှ ဘုရားဖူးလာရောက်သူ ကိုဇော်ဌေးလှိုင်က ပြောသည်။

“မန်းရွှေစက်တော် ဘုရားပွဲကိုတစ်ခါမှ မရောက်ဖူးသေးလို့ ရောက်ဖူးအောင် လာလိုက်တာပါ။ လမ်းခရီးတစ်လျှောက် အေးချမ်းသာယာပြီး ဘုရားကိုရောက်တော့လည်း ရင်ထဲရော၊ စိတ်ထဲမှာပါ အေးချမ်းပျော်ရွှင်ရပါတယ်။ ဘုရားဖူးခရီးသွားရင်း အလှူအတန်းနဲ့ ကောင်းမှုကုသိုလ်တွေ ပြုလုပ်တယ်၊ ဘုရားပွဲဈေးတန်းမှာလည်းပတ်ပြီး မန်းချောင်းထဲရေချိုးရတာ အရမ်းပဲ ပျော်စရာကောင်းပါတယ်။ မန်းရွှေစက်တော်ဘုရားကြီးက အေးချမ်းသာယာပြီး ဘုရားဖူးလည်ပတ်ရင်း ပျော်ရွှင်စရာကောင်းတဲ့ နေရာဖြစ်လို့ ရောက်ဖူးတဲ့သူတွေရော မရောက်ဘူးသေးတဲ့ သူတွေရော ဘုရားဖူးလာရောက်ကြပါ”ဟု ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်မှ ဘုရားဖူးခရီးသွားပြည်သူ ဒေါ်ဌေးဌေးလှိုင်က ပြောသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်များအပါအဝင် **(တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့ထိ)** ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၃˚C | / | ၃၅˚C |
| ရန်ကုန် | ၁၇˚C | / | ၃၆˚C |
| မန္တလေး | ၁၄˚C | / | ၃၅˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# သုတေသနမှသည် . . .

မြတ်မင်းဦး(ကာယ၊ ကျောင်းကျန်းမာ)

**✠ သုတေသနများမှရရှိလာသည့် ရှာဖွေဖော်ထုတ်တွေ့ရှိမှုအသစ်၊ နည်းပညာအသစ်များအား ပညာရေးတွင်လက်တွေ့အသုံးချပြီး နိုင်ငံတော်မှ အားကိုးအားထားပြုရသောအရည်အသွေးရှိ ဆရာကောင်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်မည် . . .**

**✠ သုတေသနလုပ်ငန်းများသည် ရလဒ်ဖော်ထုတ်ပြီး တစ်ကြိမ်တည်းဖြင့် ရပ်တန့်သွားမည်မဟုတ်ဘဲ ရှေးဦးရလဒ်ကိုအခြေပြုပြီး တစ်ဆင့်ပြီး တစ်ဆင့် စဉ်ဆက်မပြတ်သုတေသနဆောင်ရွက်သွားမှသာ တိကျမှန်ကန်သည့်တွေ့ရှိချက်အသစ်များ ရရှိနိုင်မည်ဖြစ်သည်။ သုတေသနရလဒ်များမှတစ်ဆင့် ပိုမိုကောင်းမွန်ပြည့်စုံသည့် လူမှုအသိုက်အဝန်းကို ပုံဖော်ဖန်တီးနိုင်မည် . . .**

**✠ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်အတွက် သုတေသနယဉ်ကျေးမှု (Research Culture) ကို မြှင့်တင်ရမည်ဖြစ်ပြီး သုတေသနရလဒ်များကို စနစ်တကျအသုံးချခြင်းဖြင့်သာ ကျောင်းသားဗဟိုပြုသင်ယူမှုနှင့် အရည်အသွေးရှိသောပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည် . . .**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅) ကြိမ်မြောက် ငွေရတုသုတေသနညီလာခံကို ရန်ကုန်တက္ကသိုလ် သုတေသနနှင့် ဆန်းသစ်တီထွင်မှုစင်တာ၌ ဖေဖော်ဝါရီလ ၅ ရက်မှစ၍ ၇ ရက်အထိ ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ စာတမ်းရှင်များက စာတမ်းဖတ်ကြားဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့သည် ယင်းအချိန်မှ စတင်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များမှ ဝိဇ္ဇာသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် မီးရှူးတန်ဆောင်အဖြစ် သုတေသနညီလာခံကြီးများကျင်းပလာခဲ့သည်မှာ ယခုအချိန်တွင် (၂၅) ကြိမ်မြောက် ငွေရတုတိုင်ခဲ့ပြီဖြစ်သည်။

ငွေရတုညီလာခံအား "လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍကြီးများ ရေရှည်ဖွံ့ဖြိုးရေး" ဟူသည့် ဦးတည်ချက်နှင့် ကျင်းပဆောင်ရွက်ခဲ့သည်။ ယခုနှစ်ညီလာခံတွင် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်အသီးသီးမှ ဘာသာရပ် ၃၃ မျိုးအတွက် သုတေသနစာတမ်းပေါင်း ၃၁၂ စောင်နှင့် နိုင်ငံခြားစာတမ်း ၁၅ စောင်ဖတ်ကြားခဲ့ရာ ပညာရေးတက္ကသိုလ်တို့မှ ပညာရေးဘာသာရပ်များဖြစ်သော သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း၊ ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှုနှင့် ပညာရေးစိတ်ပညာဘာသာတို့မှ စာတမ်းပေါင်း ၈၅ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ ယင်းစာတမ်းများတွင် ကာယပညာနှင့် ကျောင်းကျန်းမာရေးဘာသာရပ်မှကာယပညာဖြင့်ဆရာဖြစ်လာမည့် ကျောင်းသားဆရာများ၏ ကာယပညာစာပေအပေါ် လေ့လာခြင်းစာတမ်းတစ်စောင်၊ ကျောင်းကျန်းမာရေးဖြင့် အခြေခံပညာကျောင်းများ၏ ကျောင်းကျန်းမာရေးဆောင်ရွက်မှုအပေါ်လေ့လာခြင်းစာတမ်းတစ်စောင်တို့ ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့ နေပြည်တော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"အခြေခံကျောင်းများအတွက် ကာယနည်းပြများလိုအပ်သောကြောင့် ကာယပညာနည်းပြများလေ့ကျင့်ခန့်အပ်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများရှိမုန့်ဈေးတန်းများတွင် မုန့်များရောင်းချရာ၌ သန့်ရှင်းပြီး အာဟာရပြည့်ဝသည့် မုန့်ပဲသရေစာများကိုသာ ရောင်းချစေရေးတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း"** လမ်းညွှန်ပြောကြားခဲ့သည်။ ထို့ကြောင့် ကာယပညာနှင့်ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ အဆိုပါသုတေသနစာတမ်းနှစ်စောင်သည် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပညာရေးကဏ္ဍအား အထူးအလေးပေးဆောင်ရွက်နေသည့်အားလျော်စွာ အနာဂတ်ခေါင်းဆောင်လူငယ်များအား ပြုစုပျိုးထောင်သည့် ဆရာများမွေးထုတ်ပေးနေသော ပညာရေးတက္ကသိုလ်များ၏ ပညာရေးဘာသာရပ်သုတေသနစာတမ်းများသည် အားရဖွယ်ကောင်းလှသည်။

သုတေသနသည် တက္ကသိုလ်များ၏ အသက်သွေးကြောဖြစ်သည်။ သုတေသနဆောင်ရွက်မှုများမှ တစ်ဆင့် ကိုယ်တိုင်လေ့လာသင်ယူနေသည့် ပညာရပ်နယ်ပယ်တွင် ပိုမိုတတ်ကျွမ်းထူးချွန်လာမည်ဖြစ်သည်။ ထို့ပြင် သုတေသနများမှရရှိလာသည့် ရှာဖွေဖော်ထုတ်တွေ့ရှိမှု အသစ်၊ နည်းပညာအသစ်များအား ပညာရေးတွင်လက်တွေ့အသုံးချပြီး နိုင်ငံတော်မှ အားကိုးအားထားပြုရသော အရည်အသွေးရှိ ဆရာကောင်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

မြန်မာ့ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနလုပ်ငန်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ခေတ်မီသော သင်ကြားသင်ယူမှုစနစ်တစ်ခုတည်ဆောက်ရန်အတွက် သုတေသနပြုလုပ်ခြင်းနှင့် ၎င်း၏ရလဒ်များကို လက်တွေ့အသုံးချခြင်းနှင့်ပတ်သက်၍ ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"သုတေသနဆိုသည်မှာ အကြောင်းအရာတစ်ရပ်ကို ခြေခြေမြစ်မြစ်သိရှိနိုင်ရန် ပညာအမြော်အမြင်နှင့် လေ့လာရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်း၊ လုပ်ငန်းတိုင်းသည် သုတေသနပြုမှုများကိုအထူးဦးစားပေးအဖြစ် ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြသည်ကိုတွေ့ရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရေးတို့အတွက် နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် သုတေသနလုပ်ငန်းများပြုလုပ်ကြရန် အထူးလိုအပ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် ပြန်လည်သုံးသပ်မှု၊ သုတေသနပြုလုပ်မှုနှင့် ဆန်းသစ်တီထွင်မှုများရှိမှသာ တိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ သုတေသီများ၏ ပညာရပ်ဆိုင်ရာ ဖန်တီးမှုစွမ်းရည်များသည် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာအထောက်အကူပြုနိုင်မည့် စစ်မှန်သောအင်အားတစ်ရပ်ပင်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

ထို့ပြင် **"ယခု (၂၅) ကြိမ်မြောက်ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်မှပေါ်ထွက်လာမည့် အထောက်အထားအခြေပြုသုတေသနရလဒ်များကိုအခြေခံပြီး နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက်၊ ဒေသအလိုက် အကျိုးဖြစ်ထွန်းစေမည့်မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း"** ကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

သုတေသနလုပ်ငန်းများသည် ရလဒ်ဖော်ထုတ်ပြီး တစ်ကြိမ်တည်းဖြင့် ရပ်တန့်သွားမည်မဟုတ်ဘဲ ရှေးဦးရလဒ်ကိုအခြေပြုပြီး တစ်ဆင့်ပြီးတစ်ဆင့် စဉ်ဆက်မပြတ် သုတေသနဆောင်ရွက်သွားမှသာ တိကျမှန်ကန်သည့် တွေ့ရှိချက်အသစ်များ ရရှိနိုင်မည်ဖြစ်သည်။ သုတေသနရလဒ်များမှတစ်ဆင့် ပိုမိုကောင်းမွန်ပြည့်စုံသည့် လူမှုအသိုက်အဝန်းကို ပုံဖော်ဖန်တီးနိုင်မည်ဖြစ်သည်။

ပညာရေးစနစ်တစ်ခုကို ပြုပြင်ပြောင်းလဲရာတွင် ခိုင်လုံသောအထောက်အထားမပါဘဲ ဆောင်ရွက်ခြင်းသည် မှားယွင်းသောဆုံးဖြတ်ချက်များဆီသို့ ဦးတည်သွားစေနိုင်သည်။ ထို့ကြောင့် မြန်မာ့ပညာရေးလောကတွင် သုတေသနလုပ်ငန်းများသည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

အမှန်တကယ်ဖြစ်ပျက်နေသော ပြဿနာများကို ပညာရေးသုတေသနပြုလုပ်ရှာဖွေနိုင်ခြင်းဖြင့် စာသင်ခန်းအတွင်းရှိ ကလေးများ၏သင်ယူမှုအခက်အခဲများ၊ ဆရာ၊ ဆရာမများ၏ သင်ကြားမှုဆိုင်ရာ အခြေအနေအရပ်ရပ်အား သုတေသနပြုခြင်းဖြင့်သာ အတိအကျသိရှိနိုင်မည်ဖြစ်သည်။

အရည်အသွေးရှိသော သင်ရိုးညွှန်းတမ်းများ ပေါ်ထွက်လာစေရန် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး မြန်မာ့ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိမည့်သင်ရိုးများဖြစ်လာစေရန် သုတေသနအချက်အလက်များက အထောက်အကူပြုသည်။ ပညာရေးမူဝါဒများချမှတ်ရာတွင် တိကျခြင်းနှင့် ပညာရေးဆိုင်ရာမူဝါဒများကို ခန့်မှန်းချက်များဖြင့်မဆုံးဖြတ်ဘဲ သုတေသနရလဒ်များအပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းဖြင့် ပိုမိုထိရောက်သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်သည်။

သုတေသနရလဒ်များအား သုတေသနပြုလုပ်ရုံသာမက ၎င်းမှထွက်ပေါ်လာသောအကြံပြုချက်များကိုလည်း လက်တွေ့အသုံးချသုတေသနအဖြစ် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏စာသင်ခန်းအတွင်း ကြုံတွေ့ရသောပြဿနာများကို ကိုယ်တိုင်သုတေသနပြုပြီး ရရှိလာသောရလဒ်များဖြင့်သင်ကြားမှုနည်းစနစ်ကို ချက်ချင်းပြုပြင်ပြောင်းလဲနိုင်သည်။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကဲ့သို့သော စီမံကိန်းများတွင် သုတေသနတွေ့ရှိချက်များကိုအခြေခံ၍ ဘတ်ဂျက်ခွဲဝေခြင်းနှင့် ဦးစားပေးလုပ်ငန်းများသတ်မှတ်နိုင်ပြီး သုတေသနပြုချက်များအရ လိုအပ်နေသော သင်ကြားမှုစွမ်းရည်များကို ဆရာအတတ်ပညာမြှင့်တင်ရေးအဖြစ် ဆရာဖြစ်သင်တန်းများတွင် အဓိကထားသင်ကြားပေးနိုင်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနလုပ်ငန်းအဆင့်မြင့်မားမှု၊ အရည်အသွေးပြည့်မီမှုတို့ကို ရှေးရှုလျက် နိုင်ငံတကာအဆင့်မီသော သုတေသနလုပ်ငန်းများဆောင်ရွက်ရန် တွန်းအားပေးသည့်အနေဖြင့် စာတမ်းများတင်ပြဆွေးနွေး၍ အကောင်းဆုံးသုတေသနစာတမ်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သုတေသနညီလာခံမှ ဘာသာရပ်အလိုက် အဆင့်မီသောသုတေသနစာတမ်းများကို စုစည်းတည်းဖြတ်၍ ဂျာနယ်များထုတ်ဝေဖြန့်ချီခြင်းများလည်းပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန်အတွက်သုတေသနယဉ်ကျေးမှု (Research Culture) ကို မြှင့်တင်ရမည်ဖြစ်ပြီး သုတေသနရလဒ်များကို စနစ်တကျအသုံးချခြင်းဖြင့်သာ ကျောင်းသားဗဟိုပြုသင်ယူမှုနှင့် အရည်အသွေးရှိသော ပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်းမပြုရန်၊
( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

( က ) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင်မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီအမွေဆက်ခံခြင်းဖြင့်လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
( င ) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
( စ ) လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
( ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

**(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)**

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ပြန်လည်ထူထောင်ရေးဦးစီးဌာန**
**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့ ည ၁၀ နာရီ ၅၈ မိနစ် ၅၀ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ မြောက်-အရှေ့မြောက်ဘက်မိုင်၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(လေရှီးမြို့၏ အရှေ့တောင်ဘက်၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၃၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၄ ဒီဂရီ၊ အနက် ၄၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**




# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကိုစနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးရန်၊
(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို




တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိနယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့်တက်ရောက်လာကြသူများကပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများက အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့်စုဖွဲ့ပြင်ဆင်မှုများနှင့်အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှုကို တွေ့ရစဉ်။

■ ကျောဖုံးမှအဆက်

သွားကားလမ်း မိုင်တိုင်အမှတ်၊ ၀/၃ နှင့် ၀/၄ ကြားရှိအများပြည်သူအားထားအသုံးပြုလျက်ရှိသည့် အရှည် ၁၂၆၀ ပေ၊ အကျယ် ၂၄ ပေ၊ သံကူကွန်ကရစ်အမျိုးအစား သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါတံတား၏အနောက်ဘက်ကမ်းကပ်ခုံမှ အရှည် ၂၅၀ ပေ၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့်လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူအဓိကသွားလာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား(ဖားဆောင်း)အား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရပြီး တံတားပျက်စီးမှုအား သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများက သံလွင်တံတား (ဖားဆောင်း)အား မိုင်းထောင် ဖောက်ခွဲခဲ့မှုကြောင့် တံတား ပျက်စီးနေမှုကို တွေ့ရစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၂-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၄၅ | ၂၄၆၀ | ၂၄၂၅ | ၂၃၆၀ | ၂၄၆၅ | ၂၄၈၀ | ၂၄၉၅ | ၂၄၁၅ | ၄၅၀၅ | ၂၇၁၀ | ၂၄၃၅ | ၂၅၉၅ | ၂၅၀၅ | ၂၄၇၀ | ၂၄၉၀ | ၂၇၅၀ |
| 95 Ron | ၂၃၉၅ | ၂၅၀၅ | ၂၄၇၅ | ၂၄၁၀ | ၂၅၁၅ | ၂၅၃၀ | ၂၅၄၅ | ၂၄၆၅ | ၄၅၆၀ | ၂၇၆၀ | ၂၄၈၀ | ၂၆၃၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၄၀ | ၂၇၉၅ |
| HSD (500 ppm) | ၂၄၈၂ | ၂၅၉၂ | ၂၅၅၇ | ၂၄၉၂ | ၂၅၉၇ | ၂၆၁၂ | ၂၆၃၂ | ၂၅၅၂ | - | ၂၈၄၂ | ၂၅၆၇ | ၂၉၃၅ | ၂၆၃၇ | ၂၆၀၂ | ၂၆၂၇ | ၂၈၈၂ |
| HSD (50 ppm) | ၂၇၈၅ | ၂၉၀၀ | ၂၈၆၅ | ၂၈၀၀ | ၂၉၀၅ | ၂၉၂၀ | ၂၉၄၀ | ၂၈၆၀ | ၄၈၃၀ | ၃၁၅၀ | ၂၈၇၅ | ၂၉၈၅ | ၂၉၄၅ | ၂၉၁၀ | ၂၉၃၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၇၈၅ | ၂၉၀၀ | ၂၈၆၅ | ၂၈၀၀ | ၂၉၀၅ | ၂၉၂၀ | ၂၉၄၀ | ၂၈၆၀ | - | ၃၁၅၀ | ၂၈၇၅ | ၂၉၈၅ | ၂၉၄၅ | ၂၉၁၀ | ၂၉၃၅ | ၃၁၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၃ | ၂၂၇၁ |
| 95 Ron | ၂၂၄၁ | ၂၃၁၉ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၆၂၁ | ၂၇၀၃ |
| HSD (10 ppm) | ၂၆၂၁ | ၂၇၀၃ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

➤ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသကဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင်နဝမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝံသကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက အတည်ပြုချက်ရယူပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေများက စတုစတ္တာလီသတိမ (၄၄)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

မြဝတီ

# နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လုပ်ငန်းများပြန်လည်ပြုပြင်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ မြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံ၌ ရှုရှားနေကြာ သုံးမျိုးစပ် ၁၅ ဧကစိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်းစိုက်နည်းစနစ်မှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ်အသုံးပြုရေး၊ သီးနှံများ ရာသီပြည့်စိုက်ပျိုးရေးမှာကြားသည်။

ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ကြောင်ရေကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ တောင်သူအသိပညာပေးစင်တာ(KC)၌ နှမ်းစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများပေးအပ်သည်။

ဆက်လက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့ နေပြည်တော်မြို့ပတ်လမ်း (V4)လမ်း ကွန်ကရစ်လမ်း ကျိုးကျပျက်စီးမှုအား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသောပစ္စည်းများအသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိအောင်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာရှိ တောင်သူများ၏လယ်မြေများတွင် နှမ်းစပါးစိုက်ပျိုးရန် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများဖြင့် မြေပြုပြင်နေမှုနှင့် သဘာဝမြေဩဇာပြုလုပ်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

# ဆင်သေဆည်ရေသောက်စနစ် လက်ဝဲ/လက်ယာမြောင်းများမှ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေလျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေဆည်ရေသောက်စနစ် လက်ဝဲ/လက်ယာတူးမြောင်းစနစ်များမှ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်ကုန်းမြို့နယ်အတွင်း ရေအေးကွင်းစနစ်ကျလယ်ယာမြေ၊ ညောင်တုန်းအိုင်ကျေးရွာ နွေစပါးစိုက်ခင်း၊ ပေတောကွင်းစနစ်ကျလယ်ယာမြေနှင့်ကျေးချောင်းကျေးရွာရှိ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများအားစိုက်ပျိုးရေပေးဝေမှု၊ မြေယာထွန်ယက်နေမှုနှင့် စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာအလိုက် ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက ယခင်နှစ် နွေသီးနှံရေပေးရာသီတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့ရပြီး ယာယီအစီအစဉ်ဖြင့် ခက်ခက်ခဲခဲစိုက်ပျိုးရေပေးဝေခဲ့ရကြောင်း၊ ယခုနှစ်တွင် ရေသောက်စနစ်များ ပြန်လည်ပြုပြင်ခဲ့ပြီး စိုက်ပျိုးရေပေးဝေရာတွင်အလေအလွင့်ဆုံးရှုံးမှုနည်းပါးစွာဖြင့် စနစ်တကျထိရောက်အကျိုးရှိစွာသုံးစွဲကြရန်၊ အချိန်အခါအလိုက် စိုက်ပျိုးရေရရှိမှုအပေါ်မူတည်၍ သုံးသီးစိုက်ပျိုးနိုင်ရေးကြိုးစားဆောင်ရွက်ကြရန်၊ မျိုးကောင်းမျိုးသန့်ရရှိရေး သွင်းအားစုစနစ်များအားကောင်းစေရေး၊ နှစ်စဉ်မိုးစပါး၊ နွေစပါးစိုက်ပျိုးလျက်ရှိသည့်ရေသောက်ဧရိယာများ၏မြေဆီလွှာများအား စမ်းသပ်စစ်ဆေးပြီး အာဟာရဓာတ်များနှင့်အရည်အသွေးကျဆင်းပျက်စီးခြင်းမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်သင့်သည်များ၊ ဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် သီးနှံပုံစံများနှင့် စိုက်နည်းစနစ်များအား သက်ဆိုင်ရာဦးစီးဌာန၊ စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များမှ ပူးပေါင်းကွင်းဆင်း အသိပညာပေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအနီးရှိ အချင်း ၁၀ လက်မ၊ အနက်ပေ ၃၀၀ စက်ရေတွင်း အမှတ်(၁) တူးဖော်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက စက်ရေတွင်းများအား ဒေသအလိုက် မြေအောက်ရေအောင်းလွှာအခြေအနေပေးမှုအပေါ်မူတည်၍ စနစ်တကျတူးဖော်ကြရန်၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းမှုအခြေအနေအား အမြဲမပြတ်စောင့်ကြည့်ဆန်းစစ်ကြရန်နှင့် အခြားလုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဒေသခံတောင်သူများ၏ အခက်အခဲလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ၁၈-၂-၂၀၂၆ ရက်နေ့၌ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/ဇလ)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာထွန်းမင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာသဲနုထွေး<br>ဒုတိယပါမောက္ခချုပ်<br>(သင်ကြား)<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်<br>(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်သို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇

၂၀၂၆ ခုနှစ် တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက် ယူနန်ဘုံကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ယူနန်ဘုံကျောင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုက်လှဲစွာကြိုဆိုကြပြီး တရုတ်ရိုးရာပန်းစည်းနှင့်အနီရောင်လည်စည်းပဝါများကို လက်ဆောင်ပေးအပ်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များမှခေါင်းဆောင်များက တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကြသည်။




ထို့နောက် နှစ်သစ်ကူးပွဲတော်အခမ်းအနားကို နိုင်ငံတော်သီချင်းသီဆိုကာ နိုင်ငံတော်အလံကို အလေးပြု၍ ဖွင့်လှစ်ကြသည်။ ယင်းနောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)မှ သိက္ခာတော်ရဆရာတော်က ဆုတောင်းဆက်ကပ်ပေးပြီး ယူနန်ဘုံကျောင်းဥက္ကဋ္ဌက တရုတ်ရိုးရာ မင်္ဂလာမြင်းနှစ် နှစ်သစ်ကူးပွဲတော်အခါသမယ၌ တက်ရောက်ချီးမြှင့်ပေးကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တရုတ်ရိုးရာ မြင်းနှစ်ဖြစ်သည့်အတွက် မြင်းနှစ်၏အဓိပ္ပာယ်နှင့်အညီ လုပ်ငန်းဆောင်တာများကို အရှိန်အဟုန်၊ စွမ်းအားအပြည့် ဆောင်ရွက်နိုင်ခြင်း၊ စိန်ခေါ်မှုများကိုဉာဏ်ပညာ၊ ကျွမ်းကျင်မှုနှင့် အောင်မြင်စွာကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရရှိပိုင်ဆိုင်ခြင်း စသည့်အဓိပ္ပာယ်များ ရှိသကဲ့သို့ ကချင်ပြည်နယ်အပါအဝင် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ ပြည်သူလူထုအကျိုးစီးပွားအတွက် ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဘုံကျောင်းဥက္ကဋ္ဌတို့က နှစ်သစ်ကူးအထိမ်းအမှတ်ပန်းခြင်းလက်ဆောင်ကို အပြန်အလှန်ပေးအပ်ကြပြီး နှစ်သစ်ကူး၏အဓိပ္ပာယ်နှင့် လက်ဆောင်အဖြစ်ပေးအပ်ထားသည့် လည်စည်းပဝါနီ၏ အဓိပ္ပာယ်များကို ရှင်းလင်းပြောကြားခြင်း၊ သံပြိုင်တေးသီချင်းသီဆိုခြင်းနှင့် တရုတ်ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကိုကြည့်ရှုအားပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအတွက် ငွေကျပ်သိန်း ၄၀ ထောက်ပံ့ပေးအပ်၍ နှစ်သစ်ကူးအထိမ်းအမှတ် နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

### နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ **(မိုး/ဇလ)**

## တောင်ကြီးမြို့ ကုန်တင်ယာဉ်ရပ်နားစခန်း စီမံကိန်းဆောင်ရွက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

တောင်ကြီး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ လေးမိုင်ကွေ့ - နောင်တလီ - ညိုမီး - နောင်ပနားဗွာ - လင်းကွင်း - ထီရီ (မွေးမြူရေးဇုန်လမ်း)ပေါ်တွင် သွားလာနေသည့် ကုန်တင်ယာဉ်ကြီးများရပ်နားနိုင်ရန် နောင်လေကျေးရွာအုပ်စု ပင်ငိုကျေးရွာအနီး ကုန်တင်ယာဉ်ရပ်နားစခန်းစီမံကိန်း ဆောင်ရွက်မည့်မြေနေရာကို ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ရှင်းလင်းဆောင်၌ တောင်ကြီးမြို့ မြို့ရှောင်လမ်းဘေးရှိ မြေဧရိယာ ၁၉ ဒသမ ၈ ဧကပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း EOI ဆောင်ရွက်မှုနှင့် Site Layout Plan တို့နှင့်စပ်လျဉ်း၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန တာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်တင်ယာဉ်ရပ်နားစခန်း ဆောင်ရွက်မည့်နေရာတွင် ကားပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသေးစားကားပြင်ဆင်မှုဆောင်ရွက်နိုင်ရန် မြေနေရာလျာထားဆောင်ရွက်ရေး၊ EOI ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ အပါအဝင် လိုအပ်သည်များမှာကြားသည်။

ထို့နောက် ကားလေးကွင်းဆောင်ရွက်မည့် မြေနေရာ၊ မြို့ရှောင်လမ်း လေးမိုင်ကွေ့- နောင်တလီ - ညိုမီး - နောင်ပနားဗွာ - လင်းကွင်း - ထီရီ(မွေးမြူရေးဇုန်လမ်း)ရှိ ဝါးရုံပင်အနီး အတက်နေရာလမ်းပြုပြင်ရန် လိုအပ်မှုနှင့် (S)ကွေ့ပြုပြင်ဆောင်ရွက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းရေရှည်အသုံးပြုနိုင်ရန် အရည်အသွေးပြည့်ဝကောင်းမွန်အောင်ဆောင်ရွက်ရန်နှင့် လမ်းအကွေ့ကြီးသည့်နေရာများတွင်အန္တရာယ်ကွေ့ဆိုင်းဘုတ်များဆောင်ရွက်ရန် မှာကြားပြီး တောင်ကြီး အတက်လမ်း ရေတံခွန်ကျသည့်နေရာတွင် ကားလမ်းဘေးမြေထိန်းနံရံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဘုတ်ပြင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

ဘုတ်ပြင်း ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဘုတ်ပြင်းလေဆိပ်အဆောက်အအုံအသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်(၂) ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် သဘာဝစိမ့်စမ်းရေသွယ်တန်း၍ မြို့ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် ရေသန့်စင်စနစ်အတွင်း ပိုက်လိုင်းသွယ်တန်းခြင်း၊ ရေကြည်စုကန်၊ သဲစုကန်၊ ရေစစ်ကန်၊ ရေစုကန်၊ ရေသန့်စင်စက်ရုံအဆောက်အအုံနှင့် ရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အရည်အသွေးစံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

ထို့နောက် ရွှေဘုံသာရပ်ကွက်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် Lot-7 ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲလေးထပ် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာရှိ သီရိမင်္ဂလာတပ်ဦးကျောင်းနှင့် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ဓမ္မဝိဇယပရိယတ္တိစာသင်တိုက်တို့ရှိ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းပြီး အောင်မင်္ဂလာရပ်ကွက် ခရိုင်တရားရုံးမြေနေရာ ဧက ၂ ဒသမ ၆၀ မြေဖို့ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**၁၇-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Thanlwin Bridge (Hpasawng) in Mese Township destroyed by landmine attack by KNPP, KNDF Groups and PDF terrorists

NAY PYI TAW February 17

It is reported that the Thanlwin Bridge (Hpasawng), located near Hpasawng Town in Mese Township, Kayah State, was destroyed by a landmine explosion this morning by KNPP, KNDF groups and so-called PDF terrorist insurgents.

The incident occurred around 7:20 am today when KNPP, KNDF groups and PDF terrorist insurgents planted and detonated explosives to destroy the public-utilized Thanlwin Bridge (Hpasawng), situated approximately 320 meters west of Hpasawng Town, Mese Township, Kayah State. The bridge is located between mile posts 0/3 and 0/4 on the Hpasawng-Mese-BP(13) road. The reinforced concrete bridge measured 1,260 feet in length and 24 feet in width. The explosion caused approximately 250 feet in length and 24 feet in width of the western abutment to collapse. No injuries have been reported. The attack was carried out to hinder the Tatmadaw columns, which had successfully recaptured and secured Hpasawng Town, from continuing necessary area security operations and pursuing the insurgent groups.

The terrorists, claiming to be working for regional development but in reality acting solely for their own selfish interests, have viciously destroyed the non-military target Thanlwin Bridge (Hpasawng). This bridge was a critical public infrastructure for local transportation and the flow of goods. Its destruction has caused significant hardship and loss to the socio-economic life of the local population.

It has been reported that the destruction of the bridge has rendered it impassable for people and vehicles. Relevant officials and staff from the Department of Roads and Bridges are working to repair the damage as quickly as possible. Security forces have increased security operations to ensure peace and stability in the region.

100



Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).



Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).



Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).



Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).

# More than 1,000 acres of rainfed paddy harvested in Myaung Township



MYAUNG February 17

Statistics of Sagaing District Agriculture Department mentioned that more than 1,000 acres of rainfed paddy has been harvested in Myaung Township of Sagaing Region.

Local farmers planted 3,408 acres of rainfed paddy in the township this monsoon. They started harvesting in November last year, and so far they have harvested 1,695 acres of crops, yielding 76.05 baskets per acre.

"During this monsoon cropping season, a total of 3,408 acres of rainfed paddy were cultivated in Myaung Township. Harvesting of these rainfed paddy fields is currently under way, and as of today, more than 1,000 acres have already been harvested. Necessary technologies and seed varieties were provided for rainfed paddy cultivation, and field-level support was carried out to ensure that farmers were able to plant on time," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

It is learned that during this monsoon cropping season, the relevant township Department of Agriculture and local farmers worked together to ensure systematic cultivation of rainfed paddy without major difficulties.

In Myaung Township, rainfed paddy farmers were provided with agricultural technical assistance, awareness on pest prevention, measures to prevent crop losses, and guidance to ensure that harvested paddy is transported to sheltered storage in a timely manner, according to reports.

To ensure successful crop growth and good yields from the rainfed paddy fields cultivated in Myaung Township this year, staff of the Township Department of Agriculture have been carrying out field-level extension activities, including guidance on selecting and planting quality and pure seed varieties, monitoring and preventing pest infestations, timely weeding and inter-cultivation, rouging of off-type plants, and the systematic application of chemical fertilizers.

**SMK**

# Dabayin Township sets target for cultivation of black gram this year

DABAYIN February 17

Local farmers have grown 6,009 acres of black gram as cold season crops in Dabayin Township of Sagaing Region, according to YeU District Agriculture Department.

During the 2025-2026 winter cropping season, Dabayin Township has set a target of cultivating 15,147 acres of black gram. Planting began in October last year, and as of today, 6,009 acres have already been cultivated, according to reports.

"During this winter cropping season in Dabayin Township, black gram was earmarked for cultivation on 15,147 acres, and 6,009 acres have already been planted against the target cultivation. Efforts are being made to meet the targeted acreage. During the black gram cultivation period, necessary technologies, seed varieties, and pest and disease prevention methods are also being provided through field-level extension activities," said Zaw Myint Htun, District Head of the YeU District Department of Agriculture.

In Dabayin Township, the Township Department of Agriculture is providing black gram farmers with awareness and guidance on obtaining regionally suitable quality and pure seed varieties, proper cultivation techniques, pest control, systematic use of chemical fertilizers, and measures to achieve good yields, it is learned.

**SMK**

# Kalay Township cultivates more than 6,000 acres of green gram this cold season



KALAY February 17

In Kalay Township, Kalay District, Sagaing Region, a total of 6,155 acres of green gram have already been cultivated during this winter cropping season, according to records from the Kalay Township Department of Agriculture.

During the 2025-2026 winter cropping season, Kalay Township set a target of cultivating 9,190 acres of green gram. Planting began in October last year, and as of today, 6,155 acres have been cultivated, it is learned.

"During this winter cropping season in Kalay Township, more than 9,000 acres of green gram were planned for cultivation, and over 6,000 acres have already been planted and completed. Efforts are being made to fully meet the targeted acreage. Green gram cultivation has been increasing year by year. With regard to green gram production, extension activities will be carried out to encourage expanded cultivation, and farmers will be educated on the use of quality and pure seed varieties to ensure good yields," said Daw Marn Ewh, Township Head of the Kalay Township Department of Agriculture.

Officials of the Township Agriculture Department raise farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers in order to ensure higher per acre yield of crops.

Moreover, officials of the department cooperate with local farmers in carrying out sorting of quality seeds, use of agricultural inputs, and applying post-harvest technoogy.

**SK**

# More than 19,000 acres of rainfed paddy harvested in KhinU Township

KHINU February 17

According to the data from KhinU Township Agriculture Department, local farmers have harvested 19,925 acres of rainfed paddy in KhinU Township of Sagaing Region this year.

In KhinU Township, a total of 98,799 acres of rainfed paddy were cultivated during this monsoon cropping season. Harvesting of the cultivated paddy fields began in November last year, and as of today, 19,925 acres have been harvested, with an average yield of 75.16 baskets per acre.

"During this monsoon cropping season, rainfed paddy was cultivated on a total of 98,799 acres in KhinU Township. Harvesting of these paddy fields is currently under way, and as of today, 19,925 acres have already been harvested. Necessary technologies and seed varieties were provided for rainfed paddy cultivation, and field-level support was carried out to ensure that farmers were able to plant on time," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

During this monsoon cropping season, the relevant township Department of Agriculture and local farmers worked together to ensure systematic cultivation of rainfed paddy without major difficulties.

In KhinU Township, paddy farmers were also provided with agricultural technical assistance, awareness on pest prevention, measures to prevent crop losses, and guidance to ensure that harvested paddy is transported to sheltered storage in a timely manner.

**SK**

# Arab, Islamic countries condemn Israeli decision to deepen control in West Bank

ABU DHABI February 17

The foreign ministers of the United Arab Emirates, Türkiye, Egypt, Jordan, Indonesia, Pakistan, Saudi Arabia and Qatar on Tuesday jointly condemned Israel's decision to designate lands in the occupied West Bank as so-called "state land."

In a statement, the ministers denounced Israel's approval of land ownership registration and settlement procedures in large parts of the territory, saying the move is an illegal escalation to expand settlements and cement Israeli control over the occupied Palestinian land.

They said the measures constitute a flagrant violation of international law, particularly the Fourth Geneva Convention, as well as relevant UN Security Council resolutions, including United Nations Security Council Resolution 2334.

The ministers stated that the move violates an International Court of Justice advisory opinion, which affirmed the illegality of altering the territory's status and stressed the obligation to end the occupation.

According to the statement, the move undermines the prospects for a two-state solution and the efforts to achieve a just and comprehensive peace in the region.

The ministers reiterated their rejection of all unilateral measures to change the legal, demographic and historical status of the occupied Palestinian territory, warning that such actions would further heighten tensions and instability.

They also urged the international community to take decisive action to end the violations and protect the Palestinian people's inalienable rights, including their right to an independent state on the June 4, 1967 borders with East Jerusalem as its capital.

**Xinhua**

# Second round of US-Iran nuclear talks ends in Geneva - Reports

WASHINGTON February 17

The second round of negotiations between Washington and Tehran on the Iranian nuclear issue ended in Geneva on Tuesday, Axios reported, citing a US official.

Earlier in the day, Iranian Foreign Ministry spokesman Esmail Baghaei said that Iran was ready to stay in Geneva for several days, even weeks, in order to reach an agreement with the United States.

The United States held a meeting with International Atomic Energy Agency (IAEA) Director General Rafael Grossi ahead of talks with Iran, Iranian Foreign Ministry spokesman Esmail Baghaei said.

"This morning, the US side held talks with the Omani Foreign Minister and the IAEA director general. Iran's position on the nuclear issue, the lifting of sanctions, and the framework of any future agreement was conveyed to the US side," Baghaei was quoted as saying by Iranian news agency IRNA.

Iran referred the question of indirect participation by US President Donald Trump in the atomic talks with Tehran in Geneva back to the US, IRNA reported, citing a source close to the Iranian negotiating team.

Earlier in the day, Trump stated that he would indirectly participate in the talks with Iran, which took place in Geneva on Tuesday.

**Sputnik**

# Three dead, 3 critically injured in shooting at U.S. Rhode Island arena



SAN FRANCISCO February 17

A shooting at an arena in Pawtucket, U.S. Rhode Island, has left three people dead, including the suspect, and three others critically injured Monday afternoon, police said.

The gunman died from a self-inflicted gunshot wound after the attack.

Pawtucket Police Chief Tina Goncalves told a news conference that officers responded to reports of gunfire at the Dennis M. Lynch Arena, where a hockey event involving students from multiple schools was underway. The facility was crowded with students and parents at the time.

Preliminary findings indicate the shooter might have targeted members of his own family. One of those killed was a young girl. The three injured victims suffered gunshot wounds and remain in critical condition at a hospital.

Schools involved said all students have been accounted for, and officials were monitoring the situation while coordinating plans for safe reunification with families.

Rhode Island Governor Dan McKee said on X that the Rhode Island State Police are working with local law enforcement. "I am praying for Pawtucket and everyone involved."

The shooting is the latest incident of gun violence to draw widespread concern in the state. In December, a shooting at Brown University left multiple people dead and wounded. Gun violence in public spaces continues to raise concerns about community safety across the United States.

**Xinhua**

# Philippine ferry death toll climbs to 62



MANILA February 17

The confirmed death toll from the sinking of a passenger ferry off Basilan Province in the southern Philippines has risen to 62 after divers recovered more bodies from the wreck, the Philippine Coast Guard (PCG) said Tuesday.

In a report, the PCG said search and rescue efforts are ongoing, while 17 passengers remain missing.

The ill-fated vessel, MV Trisha Kerstin 3, sank on January 26 while en route from Zamboanga city to Jolo in Sulu. Technical divers have been conducting challenging deep-water retrieval operations, hampered by limited visibility and strong currents.

At least 293 people survived the incident, the PCG said, after being rescued by responding vessels and local fishermen in the immediate aftermath of the sinking.

The cause of the disaster remains under investigation.

The tragedy is among the deadliest maritime incidents in the southern Philippines in recent years, underscoring ongoing concerns about the safety of sea travel in an archipelago heavily reliant on ferries for inter-island transport.

**Xinhua**

# Five dead in Spain apartment fire

MADRID February 17

At least five people have died and four others sustained minor injuries in a fire on Monday evening in northeastern Spain, local authorities said.

The blaze erupted in a five-storey residential building in the town of Manlleu in Barcelona Province, Catalan Regional Fire Service said in a statement.

Fire crews extinguished the fire in about half an hour, but five people inside the rooftop were found dead. Four others suffered minor injuries.

Police have launched an investigation to determine the cause of the fire, with support from local patrol units. Authorities said identification of the deceased is ongoing.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 43

## Passive 2 (be done / been done / being done)

# Exercises

**43.1** **Complete these sentences. Use the following verbs in the passive:**

**arrest carry cause delay ~~do~~ forget keep knock know make repair ~~send~~**

**Sometimes you need** have (might have, would have **etc.**).

1 The situation is serious. Something must be done before it's too late.
2 I haven't received the letter yet. It might have been sent to the wrong address.
3 A decision will not.................................................................................... until the next meeting.
4 These documents are important. They should always................................. in a safe place.
5 This road is in bad condition. It should ...........................................................a long time ago.
6 The injured man couldn't walk and had to.................................................................................. .
7 If you hadn't shouted at the policeman, you wouldn't ............................................................. .
8 I'm not sure what time I'll arrive tomorrow. I may ................................................................ .
9 It's not certain how the fire started. It might ........................................by an electrical fault.
10 A new school is being built. The old one is going to .......................................................down.
11 The election is next Sunday. The full results will ..................................................on Tuesday.
12 Last week they weren't speaking to one another. Now they're happy again. The problem seems to........................ .

**43.2** **Put the verb into the correct form, present or past, active or passive.**

1 There's somebody behind us. (We / follow) We're being followed.
2 This door is a different colour, isn't it? (you / paint?) Have you painted it?
3 My bike has disappeared. (It / steal!) It............................................................ .
4 My umbrella has disappeared. (Somebody / take) Somebody....................... .
5 A neighbour of mine disappeared six months ago.
(He / not / see / since then) He............................................................................ .
6 I wonder how Jessica is these days.
(I / not / see / for ages) I....................................................................................... .
7 A friend of mine was stung by a bee recently.
(you / ever / sting / bee?).................... you....................................................... .
8 The bridge was damaged recently.
(It / repair / at the moment) It.......................................................................... .
9 Tom's car was stolen recently.
(It / not / find / yet)................................................................................................ .
10 I went into the room and saw that the table and chairs were not in the same place.
(The furniture / move) The............................................................................ .

**43.3** **Instead of using 'somebody', 'they' etc., write a passive sentence.**

1 Somebody has cleaned the room. The room has been cleaned.
2 They are building a new road around the city.
A.......................................................................................... around the city.
3 They have built two new hotels near the airport.
Two....................................................................................near the airport.
4 When I last visited, they were building some new houses here.
When I last visited, some . ............................................................................ .
5 The meeting is now on 15 April. They have changed the date.
The date of .....................................................................
6 I didn't know that somebody was recording our conversation.
I didn't know that our............................................................................................
7 Is anyone doing anything about the problem?
.................................... anything ...................................................................................... the problem?
8 The windows were very dirty. Nobody had cleaned them for ages.
The windows were very dirty. They ...............................................................................................

**Raymond Murphy**

# နိုင်ငံတစ်နိုင်ငံကို ငွေပေးပြီး ဝယ်ယူလို့ရနိုင်မလား

ထက်မြတ်



နိုင်ငံတစ်နိုင်ငံကို ငွေပေးပြီးဝယ်ယူလို့ရနိုင်မလားဆိုသည့် မေးခွန်းမျိုးက ယခုခေတ်တွင် ရယ်စရာဖြစ်နေလိမ့်မည်ဖြစ်သည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဂရင်းလန်းကျွန်းကိုဝယ်ယူရန်စိတ်ကူးကို ပြန်လည်ဖော်ထုတ်ခဲ့ပြီး ဒိန်းမတ်က ငြင်းပယ်ပါက ပိုမိုပြတ်သားသော အစီအမံများလုပ်ဆောင်ရန် ဝန်မလေးကြောင်းပြောခဲ့စဉ်က ဥရောပတစ်လွှားတုံ့ပြန်မှုများမှာပြင်းထန်ပြီး မကျေမနပ်ဖြစ်ကြသည်။ ထိုအဆိုပြုချက်က ခေတ်နောက်ပြန်ဆွဲနေပြီး ခေတ်သစ်နိုင်ငံတကာ နိုင်ငံရေးလောကတွင်မရှိတော့သည့် နယ်ချဲ့ခေတ်က မြင်းကုန်သည်လုပ်ငန်းနှင့် တူနေသည်ဟု ရှုမြင်ကြသည်။

သို့သော် ထိုသို့မကျေမနပ်ဖြစ်ခြင်းမှာ စိတ်မသက်မသာဖြစ်ဖွယ်သမိုင်းဝင်အမှန်တရားတစ်ခုကို ဖုံးကွယ်ထားသကဲ့သို့ ဖြစ်နေသည်။ အမေရိကန်ပြည်ထောင်စုကိုတော်လှန်ရေးနှင့်စစ်ပွဲများဆင်နွှဲခြင်းဖြင့်သာ တည်ဆောက်သည်မဟုတ်ဘဲ ဝယ်ယူမှုများဖြင့်လည်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရောင်းချသူဘက်က ရွေးချယ်စရာအကန့်အသတ်ရှိနေသည့် အင်အားချိန်ခွင်လျှာအခြေအနေများကို အခွင့်ကောင်းယူကာ အကြီးစားနယ်မြေဝယ်ယူမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကုန်းမြေကျယ်ကြီးများမှသည် မဟာဗျူဟာကျသောကျွန်းများအထိ အမေရိကန်သည် သြဇာအာဏာကိုအသုံးချကာ ချက်လက်မှတ်များရေးပြီး ၎င်း၏နယ်နိမိတ်ကို ထပ်ခါတလဲလဲ ချဲ့ထွင်ခြင်းဖြစ်သည်။

ယခုခေတ်တွင် နယ်မြေဝယ်ယူခြင်းဟူသည့် အယူအဆမှာ နားဝင်မချိုသော်လည်း ယနေ့ကျွန်ုပ်တို့သိထားသော အမေရိကန်မြေပုံပေါ်ပေါက်လာရန် ထိုသို့သော အကြီးစားအရောင်းအဝယ်များက ကူညီပေးခဲ့သည်ကို သတိရသင့်သည်။ ဂရင်းလန်းကျွန်း အချေအတင်ဆွေးနွေးမှုများ အဘယ်ကြောင့် ဤမျှအရေးပါနေသည်ကို သိရှိရန် အမေရိကန်မြေပုံကို ပြန်လည်ရေးဆွဲနိုင်ခဲ့သည့် အဓိကနယ်မြေဝယ်ယူမှုများကို ပြန်ပြောင်းလေ့လာရမည်ဖြစ်သည်။

**လူဝီစီယားနား – အကြီးဆုံးအရောင်းအဝယ်**

၁၇ ရာစုနှောင်းပိုင်းတွင် ပြင်သစ်ရှာဖွေရေးသမားများသည် မစ္စစ္စပီမြစ်ဝှမ်းသို့ရောက်ရှိပြီး ထိုကျယ်ပြန့်သောနယ်မြေကိုသိမ်းပိုက်ကာ ဘုရင်လူဝီ ၁၄ ကို အစွဲပြု၍ "လူဝီစီယားနား" ဟု အမည်ပေးလိုက်သည်။ ၁၇၁၈ ခုနှစ်တွင် မစ္စစ္စပီမြစ်ဝ၌ နယူးအော်လင်းမြို့ကို တည်ထောင်ခဲ့သည်။ လူဝီဘုရင်သည် လူဖြူများနှင့် လူမည်းများမှ မွေးဖွားလာသော ကလေးများကို လွတ်လပ်ခွင့်ပေးသည့် မူဝါဒများချမှတ်ကာ အခြေချနေထိုင်သူဦးရေကို တိုးမြှင့်ခဲ့သော်လည်း လူဦးရေမှာ ကျဲပါးနေဆဲဖြစ်သည်။ ထို့ပြင် ဆိုးရွားသောရာသီဥတုတွင်နေထိုင်ရမှု၊ တိုင်းရင်းသားများနှင့် ဆက်ဆံရေးမှာ ရှုပ်ထွေးမှုတို့ရှိသဖြင့် အခြေချနေထိုင်နိုင်ရေးခက်ခဲရသည်။

ရလဒ်အနေဖြင့် ပြင်သစ်တို့သည် ဤကျယ်ပြောလှသောနယ်မြေကို တန်ဖိုးအထူးမထားခဲ့ပေ။ ထိုစဉ်က ပြင်သစ်ပိုင် လူဝီစီယားနားသည် ယနေ့ခေတ်လူဝီစီယားနားပြည်နယ်သာမက အာကန်ဆက်၊ အိုကလာဟိုးမား၊ ကန်ဆပ်၊ မစ်ဆိုရီ၊ ကော်လိုရာဒို၊ ဝိုင်အိုမင်း၊ မြောက်နှင့် တောင်ဒါကိုတာ၊ မင်နီဆိုတာ၊ အိုင်အိုဝါ၊ မွန်တားနား၊ နီဘရားစကား၊ တက္ကဆက်၊ နယူးမက္ကဆီကိုနှင့် ကနေဒါနိုင်ငံ၏ အစိတ်အပိုင်းအချို့အထိ ကျယ်ပြန့်သည်။ သို့သော်လည်း နယူးအော်လင်းမြို့မှအပ ကျန်နေရာများတွင် ပြင်သစ်လူမျိုးများကိုရှာဖွေတွေ့ရှိရန်ခက်ခဲခဲ့သည်။

၁၇၆၃ ခုနှစ်၌ ခုနစ်နှစ်စစ်ပွဲ (Seven Years' War အပြီးတွင် ပြင်သစ်ကလူဝီစီယားနားကို စပိန်ထံသို့ပေးအပ်လိုက်ရသည်။ စပိန်အုပ်ချုပ်ရေးသည် ပြင်သစ်အခြေချသူများကို နှိပ်ကွပ်ခြင်းမရှိဘဲ စနစ်တကျအုပ်ချုပ်နိုင်ခဲ့သော်လည်း တိုင်းရင်းသားများမှအပ ဤကျယ်ပြန့်သော နယ်မြေကြီးမှာ လူသူကင်းစင်နေဆဲဖြစ်သည်။ လူမည်းများအပါအဝင် အခြေချနေထိုင်သူစုစုပေါင်းမှာ သောင်းဂဏန်းမျှသာရှိသည်။

၁၉ ရာစုအစောပိုင်းတွင် ဥရောပ၌ အပြောင်းအလဲများစွာဖြစ်ပေါ်သည်။ နပိုလီယံသည် ပြင်သစ်၏ပင်လယ်ရပ်ခြားအင်ပါယာကို ပြန်အသက်သွင်းရန် လူဝီစီယားနားကို ပြန်လည်ထိန်းချုပ်သည်။ သို့သော် ဟေတီတွင် ပြင်သစ်အုပ်ချုပ်ရေး ပြန်လည်ထူထောင်ရန်ကြိုးပမ်းမှုမှာ လူမည်းတော်လှန်ရေးသမားများနှင့် အပူပိုင်းဒေသရောဂါများကြောင့် ကျရှုံးခဲ့ရသည်။

ထိုအခြေအနေတွင် နပိုလီယံသည် လူဝီစီယားနားကိုဆက်လက်ထိန်းထားနိုင်မည်မဟုတ်ဘဲ အင်္ဂလိပ်သို့မဟုတ် အမေရိကန်တို့က အလွယ်တကူ သိမ်းပိုက်သွားမည်ကို သဘောပေါက်ခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် မစ္စစ္စပီမြစ်ဝကိုထိန်းချုပ်ရန် လိုအပ်နေသော်လည်း ပြင်သစ်၏ ရန်စမှုကို စိုးရိမ်နေခဲ့သည်။ နောက်ဆုံးတွင် သမ္မတ သောမတ်ဂျက်ဖာဆန် က လူဝီစီယားနားကိုဝယ်ယူရန် ပြင်သစ်နှင့် စတင်ညှိနှိုင်းသည်။

နပိုလီယံသည် ၎င်းအနေဖြင့် အမှန်တကယ်မလိုအပ်ဘဲ မထိန်းချုပ်နိုင်သော နယ်မြေကိုရောင်းချပြီး ငွေသားအစစ်အမှန်ရရှိနိုင်မည့် အခွင့်အရေးကြီးအဖြစ်မြင်ခဲ့သည်။ ဂျက်ဖာဆန်နှင့် အမေရိကန်ဘက်က ကနဦးတွင် နယူးအော်လင်းနှင့် ပတ်ဝန်းကျင်ဒေသများကိုသာ ဒေါ်လာ ၁၀ သန်းဖြင့် ဝယ်ယူရန်ရည်ရွယ်ခဲ့သော်လည်း ပြင်သစ်ဘက်က ဒေါ်လာ ၁၅ သန်းဖြင့် ကနေဒါအထိကျယ်ပြန့်သော နယ်မြေအားလုံးကို ရောင်းချမည်ဟုအံ့အားသင့်ဖွယ် ကမ်းလှမ်းခဲ့သည်။ သို့သော် နယူးအော်လင်းမှအပ ကျန်နယ်မြေများမှာ တိုင်းရင်းသားများနေထိုင်ရာဒေသများကို သိမ်းပိုက်ခွင့်လိုင်စင်ရောင်းချခြင်းသာဖြစ်သည်။ ပြင်သစ်တို့သည် အဆိုပါဒေသများအပေါ် ထိန်းချုပ်မှုလုံးဝမရှိသလောက်ဖြစ်ပြီး တိုင်းရင်းသားများကလည်း ထိုအရောင်းအဝယ်သည် မည်သည်ကိုဆိုလိုမှန်းမသိကြပေ။ လက်တွေ့တွင် အဆိုပါနယ်မြေကျယ်ကြီး၌ အခြေချနေထိုင်သူ ၆၀၀၀၀ ခန့်သာ ရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုအရောင်းအဝယ်ကြီးပြီးမြောက်သွားချိန်တွင် အမေရိကန်၏နယ်နိမိတ်မှာ တစ်ညအတွင်း နှစ်ဆတိုးသွားသည်။ အမေရိကန်နိုင်ငံကို တည်ထောင်သူတစ်ဦးဖြစ်သည့်အပြင် ထိုစဉ်က ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်တစ်ဦးဖြစ်သည့် ရောဘတ်လစ်ဗင်းစတုန်းက "ကျွန်ုပ်တို့အသက်ရှည်ရှည်နေခဲ့ရသော်လည်း ဤအလုပ်သည် ကျွန်ုပ်တို့တစ်သက်တာတွင် အမြင့်မြတ်ဆုံးအလုပ်ဖြစ်သည်... ယနေ့မှစ၍ အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ထိပ်တန်းအင်အားကြီးနိုင်ငံများကြားတွင်နေရာယူလိုက်ပြီဖြစ်သည်" ဟု ထင်ရှားစွာ ကြေညာခဲ့သည်။

**ဖလော်ရီဒါ – ဖိအားပေးပြီး ဝယ်ယူခြင်း**

လူဝီစီယားနားကိစ္စတွင် နှစ်ဖက်စလုံးကျေနပ်ကြသော်လည်း ဖလော်ရီဒါကိစ္စတွင်မူ ရောင်းချသူဘက်က အထူးတလည် မပျော်ရွှင်ပေ။ စပိန်တို့သည် ဖလော်ရီဒါကို ၁၅၁၃ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သော်လည်း ထိုစဉ်က တန်ဖိုးမထားဘဲ စစ်စခန်းအဖြစ်သာ အသုံးပြုခဲ့သည်။ ၁၈ ရာစုတွင် ဗြိတိန်က ဖလော်ရီဒါကို သိမ်းယူသော်လည်း အမေရိကန်လွတ်လပ်ရေးစစ်ပွဲအတွင်း စပိန်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် လူဝီစီယားနားကဲ့သို့ပင် ပိုင်ဆိုင်မှုရှိခြင်းသည် အုပ်ချုပ်နိုင်ခြင်းကိုမဆိုလိုပေ။

ထိုအတောအတွင်း အမေရိကန်အခြေချနေထိုင်သူများသည် ဖလော်ရီဒါသို့ အလုံးအရင်းဖြင့်ဝင်ရောက်လာသည်။ နယ်စပ်တွင် ပဋိပက္ခများဖြစ်ပွားပြီး အမေရိကန်များက စပိန်မြေများကို ကျူးကျော်လာသဖြင့် ဖလော်ရီဒါသည် အမေရိကန်၊ တိုင်းရင်းသားများနှင့် ဗြိတိန်တို့ ပါဝင်ပတ်သက်နေသော စစ်မြေပြင်ဖြစ်လာသည်။ စပိန်သည် ထိုကျူးကျော်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်ခြင်းမရှိပေ။ ထို့ပြင် ၁၈၀၇ ခုနှစ်နှင့် ၁၈၁၄ ခုနှစ်ကြားတွင် စပိန်သည် နပိုလီယံနှင့် ပြင်းထန်သော စစ်ပွဲအတွင်း ပိတ်မိနေခဲ့သည်။

စစ်ကြီးအပြီးတွင် စပိန်သည် ပျက်စီးယိုယွင်းနေပြီး ဆီမီနိုးအင်ဒီယန်းများ၏ တိုက်ခိုက်မှုကိုမကာကွယ်နိုင်တော့ပေ။ ဆီမီနိုးများကြောင့် စိတ်ပျက်နေသော အမေရိကန်တို့က ဖလော်ရီဒါ၏ နေရာအတော်များများကို သိမ်းပိုက်လိုက်ပြီး ထိုမြေမှာ စွန့်ပစ်ခံထားရသောမြေဖြစ်သည်ဟုဆိုခဲ့သည်။ စပိန်တို့က နယ်မြေကို ဒီအတိုင်းဆုံးရှုံးရမည့်အစား တစ်ခုခုရရှိလိုက်ခြင်းကပိုကောင်းသည်ဟု ဆုံးဖြတ်ကြသည်။ အမေရိကန်သည် ၎င်းတို့၏ကျူးကျော်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများအတွက် လျော်ကြေးအဖြစ် စပိန်ကို ဒေါ်လာ ၅ သန်း တရားဝင်ပေးအပ်သည်။ ၁၈၁၉ ခုနှစ်တွင် စပိန်သည် ဖလော်ရီဒါကို ပေးအပ်ရန်မှတစ်ပါး အခြားရွေးချယ်စရာ မရှိတော့ပေ။

**ဗာဂျင်ကျွန်းစု – ရွှေနဲ့ ဝယ်ယူခြင်း**

၁၉ ရာစုသည် ကိုလိုနီအင်ပါယာများ၏ခေတ်ဖြစ်သော်လည်း အမေရိကန်သည် ဗာဂျင်ကျွန်းစုကို ၂၀ ရာစု ပထမကမ္ဘာစစ်အတွင်းမှ ဝယ်ယူခြင်းဖြစ်သည်။ ကာရေဘီယံပင်လယ်ကို ထိန်းချုပ်ရန်ကြိုးပမ်းမှုနှင့် ပတ်သက်သည့်အကြောင်းပြောလျှင် ဒိန်းမတ်ကို ပြေးမြင်မည်မဟုတ်ပေ။ ၁၆၇၂ ခုနှစ်တွင် ဒိန်းမတ်အနောက်အိန္ဒိယကုမ္ပဏီက စိန့်သောမတ်နှင့် စိန့်ဂျွန်ကျွန်းငယ်များကို သိမ်းပိုက်ခဲ့သည်။ ဒိန်းမတ်တို့သည် သကြားအတွက်လုပ်ငန်းများတည်ထောင်ပြီး ကျွန်လုပ်အားကို အသုံးပြုသည်။ သို့သော် ၁၉ ရာစုအလယ်ပိုင်းတွင် ကမ္ဘာ့သကြားဈေးကွက် ပြိုလဲသွားသဖြင့် ဒိန်းမတ်တို့က ဤပိုင်ဆိုင်မှုကို စွန့်လွှတ်ရန် စဉ်းစားကြသည်။ ထိုစဉ်က အမေရိကန်သည် စိန့်သောမတ်ဆိပ်ကမ်းကို ဝယ်ယူရန် စိတ်ဝင်စားသော်လည်း အရောင်းအဝယ်မဖြစ်ခဲ့ပေ။ အမေရိကန်သည် အလက်စကာကို ဝယ်ယူခြင်းက ပို၍တန်ဖိုးရှိသော ရင်းနှီးမြှုပ်နှံမှုဟုဆုံးဖြတ်ကာ ထိန်းသိမ်းရခက်ခဲသော ထိုမြောက်ပိုင်းနယ်မြေကို ရုရှားထံမှ ဝယ်ယူခဲ့သည်။ ထို့ကြောင့် ဗာဂျင်ကျွန်းစုသည် ၂၀ ရာစုအထိ ဒိန်းမတ်လက်အောက်တွင် ကျန်ရှိနေခြင်းဖြစ်သည်။

ပထမကမ္ဘာစစ်အတွင်း အမေရိကန်သည် ဗာဂျင်ကျွန်းစုကိုဝယ်ယူရန် ပြန်လည်စဉ်းစားသည်။ ဂျာမနီက ဒိန်းမတ်ကိုသိမ်းပိုက်ပြီး ထိုကျွန်းများကိုရေငုပ်သင်္ဘောအခြေစိုက်စခန်းအဖြစ်အသုံးပြုမည်ကို စိုးရိမ်သည်ဟု အမေရိကန်ကအကြောင်းပြသည်။ ထို့ကြောင့် အမေရိကန်သည် ဗာဂျင်ကျွန်းစုကို ဝယ်ယူရန်ဆုံးဖြတ်ပြီး ဒိန်းမတ်ကလည်း ငြင်းပယ်ရန်ခက်ခဲသော ကမ်းလှမ်းမှုကို ရရှိသည်။

အမေရိကန်သမ္မတဝုဒ်ရိုးဝီဆင်က ဒိန်းမတ်အနေဖြင့် ထိုကျွန်းများကို မရောင်းချပါက ဂျာမန်လက်ထဲသို့ မရောက်စေရန် အမေရိကန်ကသိမ်းပိုက်မည်ဟု ပြတ်သားစွာသတိပေးခဲ့သည်။ ထို့နောက် ဝီဆင်သည် ဒိန်းမတ်ရင်ဆိုင်နေရသော ဖိအားကိုလျှော့ပါးစေရန် ဒိန်းမတ်၏တစ်နှစ်တာဘတ်ဂျက် ထက်ဝက်ခန့်ရှိသောဒေါ်လာ ၂၅ သန်းတန်ဖိုးရှိ ရွှေများပေးမည်ဟု ကမ်းလှမ်းကာ အပေးအယူကို မြှင့်တင်ခဲ့သည်။

ကနဦးတွင် ဒိန်းမတ်အစိုးရက တွန့်ဆုတ်နေသော်လည်း ထိုကျွန်းများသည် အကောင်းနည်းဖြင့်ဖြစ်စေ၊

စာမျက်နှာ ၂၃ သို့ ◆

◆ စာမျက်နှာ ၂၂ မှအဆက်

အဆိုးနည်းဖြင့်ဖြစ်စေ အမေရိကန်နိုင်ငံ၏ လက်အောက်သို့ ရောက်လာစေမည်ဖြစ်ကြောင်း အမေရိကန်ကရှင်းရှင်းလင်းလင်း သိစေခဲ့သည်။ ထို့ကြောင့် ဒိန်းမတ်အစိုးရသည်လူထုဆန္ဒခံယူပွဲပြုလုပ်ကာ ကျွန်းများကို အမေရိကန်အစိုးရထံသို့လွှဲပြောင်းပေးခဲ့သည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလတွင်လည်း အမေရိကန်သည် ဂရင်းလန်းကျွန်းကိုဝယ်ယူရန် ကြိုးပမ်းဖူးခြင်းဖြစ်သည်။ ထိုကဲ့သို့ ကမ်းလှမ်းလာမှုကို ဒိန်းမတ်က ငြင်းပယ်ခဲ့သော်လည်း အဆိုပါနေရာတွင် အမေရိကန်စစ်စခန်းများ တည်ဆောက်ခွင့်ရခဲ့သည်။ တစ်ကြိမ်တွင် နျူကလီးယားလက်နက်တင်ဆောင်လာသော ဗုံးကြဲလေယာဉ်တစ်စင်းသည် ဂရင်းလန်းကျွန်းတွင် ပျက်ကျခဲ့သော်လည်း အဆိုပါအချက်ကို ဒိန်းမတ်လူထုမသိအောင် ဖုံးကွယ်ထားခဲ့သည်။

ထိုအချက်များကိုကြည့်ခြင်းအားဖြင့် ဒေါ်နယ်ထရမ့်၏ အဆိုပြုချက်များသည် ယခင်ကမရှိခဲ့ဖူးသော၊ ယခုမှဖြစ်ပေါ်လာသောအရာများမဟုတ်သည်ကို တွေ့ရှိရသည်။ အမေရိကန်သည် နှစ်ပေါင်း ၂၀၀ ကျော်တိုင်အောင် ဝယ်ယူမှုများမှတစ်ဆင့် နယ်နိမိတ်ကိုချဲ့ထွင်လာခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ရောင်းချသူဘက်က အဝေးရောက်နယ်မြေ သို့မဟုတ် သူတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသော ပိုင်ဆိုင်မှုကိုစွန့်လွှတ်ရ၍ စိတ်သက်သာရာရခဲ့သည်လည်း ရှိသကဲ့သို့ တစ်ခါတစ်ရံတွင် ဖိအားပေးမှုနှင့် မဟာဗျူဟာမြောက်မညီမျှမှုများကြောင့် သဘောတူခဲ့ကြရသည်များလည်းရှိသည်။ အရောင်းအဝယ်မှတစ်ဆင့် နယ်မြေချဲ့ထွင်ခြင်းသည် အမေရိကန်နိုင်ငံ၏သမိုင်းတွင် ခြွင်းချက်မဟုတ်ဘဲ ထပ်ခါတလဲလဲအသုံးပြုခဲ့သော နည်းလမ်းတစ်ခုသာ ဖြစ်သည်။

ယခုအချိန်တွင်လည်း ဂရင်းလန်းအပေါ် ထရမ့်၏စိတ်ဝင်စားမှုသည် အဆိုပါသမိုင်းဝင်ပုံစံခွက်အတွင်းသို့ အတိအကျပင် ကျရောက်နေသည်။ ၎င်း၏ရှေ့ဆောင်များကဲ့သို့ပင်သူသည်လည်းအမေရိကန်၏မဟာဗျူဟာမြောက်ခြေရာကို ချဲ့ထွင်လိုသည့် ပြယုဂ်တစ်ခုကို စိတ်ဝင်စားနေပုံရသည်။ ယင်းအတွက်ဒိန်းမတ်နိုင်ငံအကျပ်အတည်းနှင့်ရင်ဆိုင်ရမည့်အချိန်ကိုစောင့်ဆိုင်းပြီး အမေရိကန်အစိုးရက ငွေအိတ်အပြည့်ဖြင့် သွားရောက်ကမ်းလှမ်းခြင်းသည်ပိုကောင်းသည့်အကြံဉာဏ်ဖြစ်နိုင်သည်။ သို့သော် ထိုအချိန်အထိစောင့်ရန်မှာ ကြာမြင့်နိုင်ပြီး စိတ်ရှည်သည်းခံခြင်းမှာ ထရမ့်၏အားသာချက်မဟုတ်သည်ကတော့ သေချာသည်။

သို့ဆိုလျှင် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကြီးမားလှသောနယ်မြေပိုင်နက်တစ်ခုကို ငွေပေး၍ ဝယ်ယူနိုင်မည်လား၊ ဝယ်ယူ၍ မရနိုင်ဘူးလားဆိုသည့်မေးခွန်းကို ပြန်ဖြေရမည်ဆိုလျှင်ငွေပေး၍လည်းဝယ်နိုင်သလို ပဋိပက္ခများကြားတွင် ဖိအားပေး၍လည်း ရယူသွားနိုင်မည်ပင်ဖြစ်သည်။ အခုအချိန်အတွက် အသေချာဆုံးကတော့ ဖိအားပေး၍ ရယူခြင်းသာဖြစ်လာနိုင်သည်ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။ Ref: RT

# အမေရိကန်က နောက်ဆုံးပေါ်ဒုံးကျည်စနစ်အသစ်များကို ဖိလစ်ပိုင်၌ဖြန့်ကြက်မည်



**မနီလာ၊ စစ်ရေး**

အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်မှုအဖြစ် အမေရိကန်က နောက်ဆုံးပေါ်ဒုံးကျည်စနစ်အသစ်များကို ဖိလစ်ပိုင်နိုင်ငံ၌ ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံစလုံးသည် အမေရိကန်နိုင်ငံ၏ နောက်ဆုံးပေါ်ဒုံးကျည်နှင့် မောင်းသူမဲ့စနစ်များကို ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်တိုးမြှင့်ချထားရန် ကတိပြုထားသည်ဟု ဖေဖော်ဝါရီလ ၁၇ ရက်တွင်ထုတ်ပြန်သော ပူးတွဲထုတ်ပြန်ချက်တစ်ခု၌ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ၎င်းတို့၏ Typhon ဒုံးကျည်စနစ်ကို ဖိလစ်ပိုင်နိုင်ငံ၌ ဖြန့်ကြက်ချထားပြီးဖြစ်သည်။ ထိုစနစ်သည် တိုမာဟော့အနိမ့်ပျံဒုံးကျည်များအပါအဝင် အမျိုးမျိုးသောဒုံးကျည်များကို ပစ်လွှတ်နိုင်စွမ်းရှိသည်။

၂၀၂၅ ခုနှစ်တွင် နှစ်နိုင်ငံချစ်ကြည်ရေး စစ်ရေးလေ့ကျင့်မှုများအတွက် အမေရိကန်က NMESIS သင်္ဘောဖျက်ဒုံးကျည်စနစ်ကို ဖိလစ်ပိုင်နိုင်ငံသို့ဖြန့်ကြက်ပေးထားသည်။

တောင်တရုတ်ပင်လယ်အတွင်း ပထဝီနိုင်ငံရေးတင်းမာမှုများဖြစ်ပေါ်နေစဉ် အမေရိကန်က ဖိလစ်ပိုင်နိုင်ငံသို့စစ်လက်နက်ပစ္စည်းများစွာကို တိုးမြှင့်ဖြန့်ကြက်လာနေခြင်းဖြစ်သည်။ အမေရိကန်၏ ယင်းကဲ့သို့ စစ်လက်နက်ပစ္စည်းများတိုးမြှင့်ဖြန့်ကြက်မှုကို တရုတ်နိုင်ငံကဆန့်ကျင်ကန့်ကွက်ထားပြီး အမေရိကန်၏လုပ်ရပ်က ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမည်ဟုပြောထားသည်။

Ref: ST

# ဂျီနီဗာ၌ပြုလုပ်သည့် အမေရိကန်နှင့်အီရန် ဒုတိယအကျော့ နျူကလီးယားအရေး ဆွေးနွေးပွဲကျင်းပပြီးစီး

**ဂျီနီဗာ၊ နိုင်ငံရေး**

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ဒုတိယအကျော့ နျူကလီးယားအရေး ဆွေးနွေးပွဲသည်ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ အိုမန်သံရုံး၌ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ကျင်းပပြီးစီးသွားပြီဖြစ်သည်။ အိုမန်နိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့်ပြုလုပ်သော ထိုဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည် နျူကလီးယားကိစ္စရပ်များ၊ ဥပဒေနှင့် စီးပွားရေးဆိုင်ရာကျွမ်းကျင်သူများပါဝင်ကြောင်းနှင့် အချက်အလက်များကို အပြန်အလှန်လဲလှယ်ကြောင်း သိရသည်။

အီရန်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးကဦးဆောင်ပြီး အမေရိကန်ဘက်မှ အထူးကိုယ်စားလှယ် စတိဝ်ကော့နှင့် သမ္မတ၏အကြံပေးဂျဲရတ်ကုရှနာတို့ တက်ရောက်သည်။ လေးနာရီခန့်ကြာမြင့်သော ယခုဆွေးနွေးပွဲတွင် နျူကလီးယားနည်းပညာဆိုင်ရာ ကန့်သတ်ချက်များနှင့် အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးရေးတို့ကို အဓိကထား ဆွေးနွေးကြောင်းသိရသည်။ Ref: Sputnik

# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်အဖြစ် တာရစ်ရာမန် ကျမ်းသစ္စာဆို



**ဒါကာ၊ နိုင်ငံရေး**

ပြီးခဲ့သည့်သီတင်းပတ်တွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီက အပြတ်အသတ်အနိုင်ရရှိပြီးနောက် ပါတီဥက္ကဋ္ဌ တာရစ်ရာမန်က ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာဆိုကြောင်းသိရသည်။ ဒါကာမြို့ရှိလွှတ်တော်ဥပစာ၌ကျင်းပသော ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားတွင် သမ္မတ မိုဟာမက် ရှာဟာဘူဒင်က တာရစ်ရာမန်နှင့်အတူ အစိုးရအဖွဲ့ဝင်အသစ်များကို အတည်ပြုပေးခြင်းဖြစ်သည်။

အသက် ၆၀ ရှိပြီဖြစ်သည့် ဝန်ကြီးချုပ် တာရစ်ရာမန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၃၅ နှစ်အတွင်း ပထမဆုံးသော အမျိုးသားဝန်ကြီးချုပ်ဖြစ်လာသည်။ ၎င်း၏ပါတီသည် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြုလုပ်သော ရွေးကောက်ပွဲ၌ အမတ်နေရာ ၃၀၀ အနက် ၂၀၉ နေရာအထိ အနိုင်ရရှိကာ အစိုးရဖွဲ့ရန် လုံလောက်သော မဲအရေအတွက်ကို ရရှိခဲ့ခြင်းဖြစ်သည်။

တာရစ်ရာမန်သည် လန်ဒန်မြို့၌ ၁၇ နှစ်ကြာနေထိုင်နေရာမှ ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလတွင် နေရပ်သို့ပြန်လည်ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ဝန်ကြီးချုပ်အဖြစ်တာဝန်ယူပြီးနောက် နိုင်ငံ၏ပျက်စီးနေသောစီးပွားရေးကို ပြန်လည်ကုစားသွားမည်ဖြစ်ကြောင်းနှင့် ဒီမိုကရေစီစနစ်ကို ခိုင်မာအောင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိပြုထားသည်။

Ref: Xinhua

# ဗြိတိန်၏ နျူကလီးယားထီးရိပ်က ဥရောပကို ကာကွယ်ပေးနိုင်မည်မဟုတ်ဟု ရုရှားသတိပေး

**မော်စကို၊ နိုင်ငံရေး**

ဗြိတိန်၏ နျူကလီးယားထီးရိပ်သည် ဥရောပတိုက်ကို ကာကွယ်ပေးနိုင်လိမ့်မည်မဟုတ်ကြောင်းနှင့် ယင်းကဲ့သို့ လက်နက်အင်အားချဲ့ထွင်ရန် ကြိုးပမ်းမှုများသည် ဒေသတွင်းတင်းမာမှုကိုသာ မြင့်တက်စေမည်ဖြစ်ကြောင်း ရုရှားအစိုးရကဖေဖော်ဝါရီလ ၁၇ ရက်တွင် သတိပေးလိုက်သည်။ ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမာသည် ဗြိတိန်၏ နျူကလီးယားလက်နက်များက NATO တပ်ဖွဲ့ဝင်နိုင်ငံများကို ကာကွယ်ပေးနေသည်ဟု မြူးနစ်လုံခြုံရေးညီလာခံ၌ ပြောဆိုခြင်းအပေါ် ရုရှားကယခုကဲ့သို့ တုံ့ပြန်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ဗြိတိန်နှင့် ပြင်သစ်တို့၏ နျူကလီးယားလက်နက်တိုးမြှင့်ဖြန့်ကြက်ရေး ဆွေးနွေးမှုများသည် လက်တွေ့မကျသည့်အပြင် ရန်လိုသောလုပ်ရပ်များသာဖြစ်သည်ဟု ဝေဖန်သည်။

ထို့ပြင်ဗြိတိန်၏ နျူကလီးယားအကာအကွယ်သည် အမေရိကန်၏နည်းပညာနှင့် ထိန်းချုပ်မှုအပေါ်တွင်သာ မှီခိုနေရသဖြင့် ဥရောပအတွက် လွတ်လပ်သော အာမခံချက်တစ်ခုမဖြစ်နိုင်ကြောင်း ထောက်ပြထားသည်။ ဥရောပနိုင်ငံများကြား နျူကလီးယားလက်နက်များအပေါ် အပြန်အလှန်ဆွေးနွေးခြင်းမှာ အမေရိကန်၏ကာကွယ်ရေးအာမခံချက်အပေါ် စိုးရိမ်မှုများကြောင့်ဖြစ်သည်သိရသည်။

Ref: RT



# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ”** ခေါင်းစဉ်ဖြင့် ၁၈-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၅-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီ တွင် **“ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြေငလျင်သတင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက် မြန်မာစံတော်ချိန် ၀၅ နာရီ ၃၉ မိနစ် ၀၆ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၈၅ မိုင်ခန့်ကွာဝေးသောမြန်မာနိုင်ငံပြည်တွင်း(စေတုတ္တရာမြို့၏ အနောက်ဘက် ၂၆ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၅၆ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၆ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## ငလျင်ဘေးပညာပေးစာစောင်

### ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



### ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင်ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓာတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။




၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



### ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



### ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

### ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ


၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

### မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ





### ငလျင်ပြင်းအားများ

| ငလျင် ပမာဏ ရစ်ချ်တာ စကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

ငလျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ် မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

၁ ၂ ၃ ၄ ၅ ၆ ၇

# ONE Friday Fights 143 ပြိုင်ပွဲတွင် ပရိသတ်အထူးစိတ်ဝင်စားသည့် ဘရော်နီကာနှင့်ရှီယာကိုဟန်တို့ ခေါင်တွဲဆိုင်းထိုးသတ်မည်




ရန်ကုန် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် ညပိုင်းတွင် ကျင်းပမည့် ONE Friday Fights 143 ပြိုင်ပွဲတွင် ပရိသတ်များအထူးစိတ်ဝင်စားကြသည့် မြန်မာဖိုက်တာဘရော်နီကာနှင့် အစ္စရေး မွေထိုင်းဖိုက်တာ ရှီယာကိုဟန်တို့ ခေါင်တွဲဆိုင်း၌ ထိုးသတ်ကြမည်ဖြစ်သည်။ သူတို့နှစ်ဦးသည် မာဂုဏ်မြင့်ဖိုက်တာနှစ်ဦးဖြစ်ကြပြီး ယင်းပွဲတွင်အနိုင်ရရှိသူက ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရရှိမည်ဖြစ်၍လည်း ပွဲကပို၍လှုပ်ခတ်မှုရှိလာခဲ့ခြင်းဖြစ်သည်။

မြန်မာဖိုက်တာဘရော်နီကာသည် ONE တွင်သုံးပွဲထိုးသတ်ထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသည့်ကစားသမားဖြစ်သည်။ ဆိုင်ထိုးပြိုင်ထိုးမှုကိုအားသန်ပြီး အမြင့်ကန်ချက်၊ တံတောင်ရိုက်ချက်တွေနဲ့ မာဂုဏ်မြင့်ဖိုက်တာတစ်ဦးလည်းဖြစ်သည်။ ဂျူနီယာဖဲတက်နှင့်ကစားခဲ့သည့်ပွဲတွင် သူ၏မာဂုဏ်မြင့်မှုနှင့် လက်ငှေ့ကျွမ်းကျင်မှုကိုမြင်တွေ့နိုင်သည်။ ဂျူနီယာဖဲတက်သည် ခုနစ်ပွဲအနိုင်ရပြီးမှ ဘရော်နီကာကို ရှုံးနိမ့်ခဲ့သူဖြစ်သည်။ ဘရော်နီကာရဲ့ လက်သီးထိုးချက်များသည်တော်ရုံဖိုက်တာတွေတောင်ခံနိုင်ရည်သိပ်မရှိဘူးလို့လည်း ပြောစမှတ်တွင်သူဖြစ်သည်။ သူသည် ONEချန်ပီယံရှစ်ပွဲဦးထွက်တွင် ချီလီဖိုက်တာဖရန်စီကာကို အမှတ်နဲ့ရှုံးခဲ့ပေမယ့် နောက်ပွဲစဉ်နှစ်ပွဲမှာတော့ သူ့ရဲ့ပုံမှန်လက်ရည်ကိုပြသကာ ပြိုင်ဘက်တွေကို အကောင်းဆုံးထိုးသတ်အနိုင်ယူခဲ့သူဖြစ်သည်။

ဘရော်နီကာနှင့်ထိုးသတ်ခဲ့သည့်ဂျူနီယာဖဲတက်သည် မျက်နှာတစ်ခုလုံးဖူးရောင်သွားပြီး ဒီဒဏ်ရာတွေကြောင့်ပဲ မွေထိုင်းလောကကနေ အနားယူသွားတယ်လို့ သတင်းတွေထွက်ခဲ့သည်။ လီမင်းရူးနှင့်ပွဲတွင်လည်း ဘရော်နီကာ၏လက်သီးချက်ထိမှန်မှုကြောင့် လီမင်းရူးမျက်ခုံးရိုးကွဲသွားပြီးချုပ်ခဲ့ရကြောင်းလည်း သတင်းထွက်ခဲ့သည်။

ဘရော်နီကာ၏ပြိုင်ဘက်ဖြစ်သူ ရှီယာကိုဟန်သည် ONE တွင်သုံးပွဲထိုးထားပြီး သုံးပွဲဆက်တိုက် အနိုင်ရထားသူဖြစ်သည်။ ယင်းသုံးပွဲတွင် တစ်ပွဲကအလဲထိုးအနိုင်ရရှိပြီး နှစ်ပွဲကတော့အမှတ်နဲ့အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အမှတ်နှင့်နိုင်သည့်နှစ်ပွဲတွင်လည်း အသာစီးထိုးသတ်အနိုင်ယူခဲ့ခြင်းဖြစ်ကာ ဘရော်နီကာကိုအနိုင်ယူခဲ့သည့် ဖရန်စီကာဗီရာကိုပင် အနိုင်ထိုးသတ်ထားသူလည်းဖြစ်သည်။ ရှီယာကိုဟန်သည် မြန်မာ့ရိုးရာလက်ဝှေ့ဖိုက်တာ ကျော်စွာဝင်းသွားရောက်လေ့ကျင့်နေသည့် ထိုင်းနိုင်ငံ Fairtex Training Center ၌ နေထိုင်လေ့ကျင့်နေသူဖြစ်ပြီး မြန်မာနိုင်ငံသားများနှင့်မြန်မာ့ရိုးရာလက်ဝှေ့ကို လေးစားတန်ဖိုးထားသူမို့ မြန်မာပရိသတ်နှင့် မစိမ်းသူလည်းဖြစ်သည်။ သူသည်ဆယ်ကျော်သက်အရွယ်ကတည်းက ကစ်ဘောက်ဆင်ကို ထိုးသတ်ခဲ့သူဖြစ်ပြီး ခြေရောလက်ပါ ခပ်သွက်သွက်ဖြင့် တိုက်စစ်ဆင်ကစားနိုင်သူဖြစ်သည်။

ရှီယာကိုဟန်သည် မွေထိုင်းပညာကို အကျွမ်းတဝင်ရှိသူဖြစ်သည်။ လျှင်လျှင်မြန်မြန်ကစားကာ သူ၏လက်သီးတွဲလုံး တံတောင်ရိုက်ချက်တွေနဲ့ ပြိုင်ဘက်ကိုဖိအားပေးထိုးသတ်တတ်သူဖြစ်ပြီး အဖူးအသတ်တွင်လည်းရိုက်ဒူး၊ တံတောင်တို့ဖြင့် အမှတ်ယူကစားနိုင်သည့် မာဂုဏ်မြင့်ကစားသမားဖြစ်သည်။ ဘရော်နီကာသည်ရှီယာကိုဟန်ထက်အရပ်အနည်းငယ်မြင့်ပြီး ခန္ဓာကိုယ်လည်းဖွံ့ဖြိုးသည်။ သူ၏အားပါလွန်းသည့် လက်သီးထိုးချက်တွေနဲ့ ရှီယာကိုဟန်ကို အနိုင်ယူနိုင်မလား၊ လှုငယ်ဖိုက်တာ ရှီယာကိုဟန်ကပဲ လျင်မြန်သည့်လက်သီးတွဲလုံးတွေနဲ့ အနိုင်ယူသွားမလားဆိုတာကတော့ မကြာမီစောင့်ကြည့်အားပေးရမည်ဖြစ်သည်။

ဝန်းရံ

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော(၁၁)နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် (၂၅၄,၁၀၀)ကျော် ပျက်စီးခဲ့ပြီး၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့်နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသောအိုးအိမ်များဖြစ်စေရေးအားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း (၈၆,၀၀၀)ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ထောက်တိုင်များထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအားလိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်ခြင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန်ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး ၂ပေခွဲ(လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနဲ့ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သစ်ချောင်းနဲ့ဖြစ်စေ ရိုက်ပြီးမှတိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့်အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျတပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှာသက်သာစေရန် မိမိအိမ်ရဲ့ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက်ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ်ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော်ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခုတစ်ဆက်တစ်စပ်တည်း စနစ်တကျချိတ်ဆက်ထားပါ။ နေအိမ်ရဲ့ တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများထည့်၍ အိမ်ကိုယ်ထည်မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့်ပစ္စည်းများ လေနှင့်အတူလွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့်ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှုအလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ(သို့) ခိုင်ခံ့သောအရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသောဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့်သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဟိုပုံးမြို့၌ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအား နွေရာသီအားကစားသင်တန်းများ သင်ကြားပေးလျက်ရှိ

ဟိုပုံး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပအိုဝ်းဒေသဦးစီးအဖွဲ့ အမျိုးသမီးရေးရာအဖွဲ့နှင့်မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီအခြေခံအားကစားသင်တန်းများကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝင်းခိုင်ဦး ဦးစီးသော အားကစားနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



လေ့ကျင့်သင်ကြားပေးသွားမည့် အားကစားနည်းများမှာ မြန်မာ့သိုင်းအားကစား၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ Fitness Dance၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အစရှိသည်တို့ဖြစ်ပြီး အားကစားနည်းများကို ဟိုပုံးမြို့ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ နောင်တောင်အခြေခံပညာအထက်တန်းကျောင်းနှင့် ဒုံမေးခိုးကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲတို့တွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယခုလို နွေရာသီအခြေခံအားကစားသင်တန်းများ လေ့ကျင့်သင်ကြားပေးရခြင်းမှာ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်များ နွေရာသီအားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ အားကစားစိတ်ဓာတ်ပိုမိုမြင့်မားလာစေရန်၊ နွေရာသီအားကစားသင်တန်းမှတစ်ဆင့် နိုင်ငံအတွက် အလားအလာရှိသော ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝင်းခိုင်ဦးထံမှ သိရသည်။

သင်တန်းများကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ အားကစားဝါသနာပါသူ ကျောင်းသား၊ ကျောင်းသူ ဦးရေ၂၉၀ ဦးကို လေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။

(၄၀၅)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၈:၂၀ မျိုးချစ်တပ်မတော်
၃။ ၀၈:၄၅ မှတ်သားလိုက်နာပုံပမာ
၄။ ၁၀:၃၀ စိုက်ပျိုးသုတ
၅။ ၁၁:၅၅ မြန်မာ့လက်သံ
၆။ ၁၂:၁၅ လေးစားအတုယူစံနမူသူရဲကောင်းများ
၇။ ၁၂:၄၅ ပန်းတို့၏အလှတရား
၈။ ၁၅:၃၀ ဆောင်းပါးပေါ်မှစာစုများ
၉။ ၁၇:၄၅ သီချင်းလက်ဆောင်
၁၀။ ၁၈:၂၀ ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေး
၁၁။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်းဆန်းရေ(ပထမပိုင်း) သရုပ်ဆောင်-ညွန့်ဝင်း၊ လွင်မိုး၊ ခိုင်နှင်းဝေ ဒါရိုက်တာ-ကြည်စိုးထွန်း**

# ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့်လေပြင်းဘေး စသည့်သဘာဝဘေးများဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော ၄ ခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်အထိ ကီလိုမီတာ ၁၂၀၀ ကျော်ရှည်လျားပါသည်။

ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသောဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့်ဗဟိုချက်၏ အတိမ်/အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေအစိပ်အကျဲတို့အပေါ်မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှုမဖြစ်စေသော်လည်း အဆောက်အအုံများပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။၂၈-၃-၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ၅ ဦးနှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦးရှိခဲ့ပါသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည်၊ မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ၊ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံးအရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကိုပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် (သို့) ဘေးကင်းရာ (မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာ)သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ်အနီးတွင်ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကိုပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကိုရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနမှထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်းသတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲမဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ချောင်းဆုံမြို့နယ် ကွမ်ရိုက်တော်ကနာကျေးရွာ၌ (၁၂၇) ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲအခမ်းအနားကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်တော်ကနာကျေးရွာ ပဗ္ဗတမင်္ဂလာရုံကျောင်း၌ (၁၂၇) ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၂၇) ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဆရာတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယပိုင်းအဖြစ် ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုးကန်တော့ပြီးနောက် ဒရယ်ရွာမင်္ဂလာသုခကျောင်းဆရာတော်ထံမှ တက်ရောက်လာကြသူများက သရဏဂုံသုံးပါးနှင့် ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက သံဃာတော်အရှင်သူမြတ်များအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကတိုးရွာမဟာရင် ကျောင်းဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က လှူဖွယ်ပစ္စည်း လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

အဆိုပါ (၁၂၇) ကြိမ်မြောက် ဓမ္မဝိနယစာပြန်ပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာကျင်းပလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဖေဖော်ဝါရီလ ၁၆ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မှုများမဖြစ်ပွားစေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းစက်သုံးဆီအရောင်းဆိုင်များဖြစ်သော Denko-1၊ Denko-2၊ Denko-3 နှင့် မြတ်မေတ္တာမွန် စက်သုံးဆီအရောင်းဆိုင်တို့ကို မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင်ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သုံးဦးတို့နှင့်အတူ ဆိုင်တာဝန်ခံ၊ ဝန်ထမ်းများနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနသည် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပြည်သူများ မီးသတိပြုရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတိပေးဆော်ဩခြင်း၊ နှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မြင့်ရီ**

# အောင်လံမြို့နယ် ညောင်အိုင်ကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီး

**အောင်လံ ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ညောင်အိုင်ကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အောင်လံမြို့နယ် ညောင်အိုင်ကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုငွေ ငွေကျပ် ၇၁ ဒသမ ၇ သန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၇၂ ဒသမ ၃ သန်းဖြင့် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီလ ၁၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်းကြောင့် ညောင်အိုင်ကျေးရွာရှိ အိမ်ခြေ ၂၇၉ အိမ်ရှိ လူဦးရေ ၁၀၇၅ ဦးအတွက် စီးပွားရေး၊ ပညာရေးနှင့်ကျန်းမာရေးကိစ္စများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။ **အထွေး**

# ဟိုင်းကြီးကျွန်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံဧက ၃၅၀၀ ကျော် စိုက်ပျိုးပြီးစီး

**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၃၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၅၆၆ ဧကကို ၂၀၂၅ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ပြီး လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧကတွင် မြေပဲ ၃၁၁၂ ဧက၊ နှမ်း ၃၇၁ ဧကနှင့် နေကြာ ၈၃ ဧကပါဝင်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပြီး ဆောင်းကာလမှာ အဓိကထားစိုက်ပျိုးပါတယ်။ အခုဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၅၆၆ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့လိုအပ်တဲ့နည်းပညာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်းသီးနှံတွေ အသီးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စတဲ့လုပ်ငန်းတွေကို ဆက်လက်ကူညီဆောင်ရွက်ပေးမှာပါ" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းကပြောသည်။



ဟိုင်းကြီးကျွန်းမြို့၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်း၍ စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများကို သီးနှံများမစိုက်ပျိုးမီကတည်းက ကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ဆီထွက်သီးနှံများ တစ်ဧကလျှင် ပျမ်းမျှ ၅၅ တင်းမှ တင်း ၆၀ ကျော်အထိ ထွက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ **သုတကျော်**

# VDP စီမံကိန်းဖြင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုံးလောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဆိုလာပန့်တပ်ဆင်ပြီး အမြင့်တင်စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် တာဝန်ရှိသူများသည် ပုံးလောင်းကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် ရေပိုက်သွယ်တန်းခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆိုလာပန့်တပ်ဆင်ခြင်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀ အကုန်အကျခံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သော်ဇင်ထူး**

## မန်ယူအသင်းက အနာဂတ်မရေမရာဖြစ်နေသည့် ဖာနန်ဒက်၏နေရာ၌ မက်အဲလက်စတာနှင့် အစားထိုးရန်စီစဉ်လျက်ရှိ



**မန်ချက်စတာ ဖေဖော်ဝါရီ ၁၇**

မန်ယူအသင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား ဖာနန်ဒက်၏ နေရာ၌ လီဗာပူးအသင်း ကွင်းလယ်ကစားသမား မက်အဲလက်စတာနှင့်အစားထိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ဖာနန်ဒက်သည် ၂၀၂၀ ပြည့်နှစ်က စပို့တင်းလစ္စဘွန်းအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ဂိုးဖန်တီးမှုအများဆုံးကစားသမားတစ်ဦးအဖြစ်ရပ်တည်နေကာ အသင်းအဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်နေသူဖြစ်သည်။

သို့သော် မန်ယူအသင်းတာဝန်ရှိသူများသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဖာနန်ဒက်အတွက် သင့်တော်သည့်ကမ်းလှမ်းမှုများရရှိပါက ရောင်းချရန်ဆွေးနွေးမည်ဟုပြောကြားပြီးနောက် ဖာနန်ဒက်ကလည်း အသင်းမှတာဝန်ရှိသူများ၏လုပ်ရပ်ကို ဒေါသထွက်ခဲ့သည့်အတွက် အသင်းမှထွက်ခွာရန်ပြင်ဆင်ခဲ့သော်လည်း နည်းပြဟောင်း အမိုရင်၏ဖျောင်းဖြမှုကြောင့် အသင်း၌ဆက်လက်ကစားခဲ့ခြင်းဖြစ်သည်။

သို့သော် ဖာနန်ဒက်က အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း ယခုဘောလုံးရာသီအကုန်တွင် လမ်းခွဲဖွယ်ရှိသည့်အတွက် မန်ယူအသင်းက အစားထိုးရန်ကစားသမား ရှာဖွေမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

မန်ယူအသင်းက ဖာနန်ဒက်၏နေရာ၌ မက်အဲလက်စတာနှင့်အစားထိုးရန်အတွက် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး မက်အဲလက်စတာကိုယ်တိုင်က ယခုဘောလုံးရာသီတွင် လီဗာပူးအသင်း၏အခြေအနေများကြောင့် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာလိုနေခြင်းဖြစ်သည်။

မန်ယူအသင်းက လီဗာပူးအသင်းကွင်းလယ်ကစားသမား မက်အဲလက်စတာအား မြင့်မားသည့်လုပ်ခလစာဖြစ်သည့် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၂၅၀၀၀၀ ဖြင့်ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

*Ref;Top Skill Sports UK*

## အေဂျက်အသင်းမှ ဇက်ချန်ကို ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ရာသီကုန်အထိအနားယူရမည်

**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၇**

အေဂျက်အသင်းမှ တောင်ပံကစားသမား ဇက်ချန်ကိုသည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်သည့်အပြင် ယူကရိန်းအသင်းနှင့်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် ဇက်ချန်ကိုသည် နယ်သာလန်ပြည်တွင်းလိဂ်ပွဲစဉ်အဖြစ် အေဂျက်အသင်းနှင့် ဖော်ကျူနာအသင်းတို့ ကစားသည့်ပွဲစဉ်တွင် ပြင်းထန်သည့်ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိပြီးနောက် အေဂျက်အသင်းနှင့်အတူ ယခုဘောလုံးရာသီလက်ကျန်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ဇက်ချန်ကို၏ ဒူးအရွတ်စုတ်ပြဲဒဏ်ရာသည် ပြင်းထန်သောကြောင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ပြီး ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးသည့်အတွက် ယခုဘောလုံးရာသီလက်ကျန်ပွဲစဉ်များအပြင် လာမည့်ဘောလုံးရာသီအစပိုင်းပွဲစဉ်များပါ ပါဝင်ကစားနိုင်ရန် မသေချာသည့်အခြေအနေတွင်ရှိနေသည်။

ဇက်ချန်ကိုသည် လာမည့် ဇွန်လတွင်ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ယူကရိန်းအသင်းနှင့်အတူ ပါဝင်နိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

*Ref;Top Skill Sports UK*

## စပိန်အသင်းနည်းပြ ဒီလာဖွန်တီက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂွန်ဇာလိုဂါစီယာအား ရွေးချယ်ရန်ဆုံးဖြတ်ထား

**မက်ဒရစ် ဖေဖော်ဝါရီ ၁၇**

စပိန်အသင်းနည်းပြ ဒီလာဖွန်တီက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းကစားသမားစာရင်း၌ အသင်းတိုက်စစ်ပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဂွန်ဇာလိုဂါစီယာအား ရွေးချယ်ရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

အစောပိုင်းက နည်းပြဒီလာဖွန်တီသည် အသင်းတိုက်စစ်ပိုင်းအတွက် ပေါ်တိုအသင်းမှဆင်မြူရယ်အား ခေါ်ယူရန်ဆုံးဖြတ်ထားသော်လည်း ၎င်းအနေဖြင့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကာလအထိ ကြံ့ခိုင်မှုပြည့်ဝရန် မသေချာသည့်အခြေအနေများကြောင့် နည်းပြဒီလာဖွန်တီက ဆင်မြူရယ်၏နေရာ၌ ဂွန်ဇာလိုဂါစီယာနှင့်အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် ဂွန်ဇာလိုဂါစီယာသည် ၂၀၂၅ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ သွင်းဂိုးအများဆုံးကစားသမားဆုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် ဂွန်ဇာလိုဂါစီယာသည် ယခုဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်း၌ စီနီယာကစားသမားများဒဏ်ရာရရှိချိန်တွင် ပွဲကစားခွင့်များရရှိခဲ့ကာ ပြိုင်ပွဲစုံ ၃၃ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ၁၀ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုသုံးကြိမ် ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သောကြောင့် စပိန်အသင်းနည်းပြ ဒီလာဖွန်တီက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းအတွက် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;Diarioas*



## အက်စ်တွန်ဗီလာအသင်းမှ မော်ဂန်ရော်ဂျာက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်သာ ဆက်လက်ကစားလိုသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်း၏ ကမ်းလှမ်းမှုကိုပယ်ချ

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အက်စ်တွန်ဗီလာအသင်း တိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာက ဂျာမန်ထိပ်တန်းကလပ် ဘိုင်ယန်မြူးနစ်အသင်း၏ ကမ်းလှမ်းမှုကိုရရှိခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်သာ ဆက်လက်ကစားလိုသည့်အတွက် ကမ်းလှမ်းမှုကိုပယ်ချခဲ့ကြောင်း သိရသည်။

မော်ဂန်ရော်ဂျာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အက်စ်တွန်ဗီလာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၄ ပွဲအထိ ပါဝင်ကစားခဲ့ပြီး ၁၄ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၃ ကြိမ် ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြကစားနိုင်သောကြောင့် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သကဲ့သို့ ၎င်းကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာရန်ကြိုးပမ်းခဲ့သော်လည်း အက်စ်တွန်ဗီလာအသင်းကကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် အသင်းတွင်သာ ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

သို့သော် မော်ဂန်ရော်ဂျာသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာခွင့်ပေးရန် အသင်းထံတောင်းဆိုမှုများ လုပ်ဆောင်ထားပြီး အေးဂျင့်ဖြစ်သူကိုလည်း အသင်းသစ်ရှာဖွေခိုင်းထားပြီး ပြီးခဲ့သည့်ရက်ပိုင်းက လီဗာပူးအသင်းတာဝန်ရှိသူများက မော်ဂန်ရော်ဂျာ၏ အေးဂျင့်နှင့်တွေ့ဆုံကာ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း မော်ဂန်ရော်ဂျာအား ခေါ်ယူရန် အေးဂျင့်ဖြစ်သူထံ ဆက်သွယ်ကာ ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့သော်လည်း မော်ဂန်ရော်ဂျာက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်သာ ဆက်လက်ကစားလိုသည့်အတွက် ကမ်းလှမ်းမှုကိုပယ်ချခဲ့ခြင်းဖြစ်သည်။

လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မော်ဂန်ရော်ဂျာအား လီဗာပူးအသင်းအပြင် စပါးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူရန် အပြိုင်ကမ်းလှမ်းလာဖွယ်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့(အစား)၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ပျောက်ဆုံးကြောင်း**

ပန်းအိစံ(ဘ)ဦးဝင်းဗိုလ် ၁၄/မမက(နိုင်)၃၀၄၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

မင်းအောင်(ဘ)ဦးဇော်ဝင်း ၇/ပမန(နိုင်)၁၄၅၆၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

စောနေတိုး(ဘ)ဦးသံဂဲ ၇/ကကန(နိုင်)၁၀၄၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

သီတာအေး(ဘ)ဦးကြည်သိန်း ၇/ဝမန(နိုင်)၁၁၃၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဥမ္မာ(ဘ)ဦးခင်ရွှေ၁၂/ကမတ(နိုင်)၀၈၇၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

စန္ဒီလင်း(ဘ)ဦးကြည်စိုးလင်း ၇/ကပက(နိုင်)၁၁၉၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 249265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၇၂၄၄၉၈

**ပျောက်ဆုံးကြောင်း**

နေဝင်းသောင်း(ဘ)ဦးသောင်းစိန် ၇/ပခန(နိုင်)၅၀၆၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ချောစုသက်(ဘ)ဦးသန်းဝင်းထွဋ် ၁၂/ မရက(နိုင်)၁၇၅၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 682507)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၀၆၇၁၄၄

**ပျောက်ဆုံးကြောင်း**

အောင်ဖြိုးလွင်(ဘ)ဦးသန်းလွင် ၈/မမန(နိုင်)၁၉၈၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၁၄၂၈၉၈၉

**ပျောက်ဆုံးကြောင်း**

နှင်းအိခိုင်(ဘ)ဦးမင်းနိုင် ၈/ဂဂန(နိုင်)၁၃၂၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

ကျော်ရဲအောင်(ဘ)ဦးအောင်သန်း ၈/စတရ(နိုင်)၀၄၂၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အောင်အောင်(ဘ)ဦးပုချိုး ၁၁/မအန(နိုင်)၀၃၆၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကျော်ဆန်းလင်း(ဘ)ဦးညွန့်ဝေ ၉/တသန(နိုင်)၂၁၄၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၈၈၂၁၂၇

**ပျောက်ဆုံးကြောင်း**

မင်းစိုးအောင်(ဘ)ဦးခင်အောင် ၁၄/မအပ(နိုင်)၁၆၆၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၆၄၀၂၇

**ပျောက်ဆုံးကြောင်း**

ဇင်မြတ်သူ(ဘ)ဦးလင်းလင်း ၇/ရကန(နိုင်)၀၇၃၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

စိုင်းငွေအောင်(ဘ)ဦးအုန်းငွေ ၁၂/ဒဂမ(နိုင်)၀၁၈၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အေးကိုနိုင်(ဘ)ဦးဇော်မင်းလှိုင် ၅/ဘတလ(နိုင်)၁၀၃၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 887326)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

စွဲမက်ဦး(ဘ)ဦးသိန်းလှ ၈/ဂဂန(နိုင်)၁၃၄၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 689212)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

ရီရီတင်(ဘ)ဦးအောင်ဆိုင် ၃/မဝတ(နိုင်)၀၂၉၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဇေယျာငွေ(ဘ)ဦးသန်းဇော်ဦး ၁၂/ကတန(နိုင်)၁၃၇၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## စာပေမြင့်မှ လူမျိုးတင့်မည်

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍မရတော့သည့် ရေစင်အဟောင်းအပျက်အား ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | လေလံအမှတ် | တည်နေရာ | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| ၁ | ၀၂/မမ/လေလံ ၂၀၂၅-၂၀၂၆ | တိုင်းအမှတ်(၇)ရန်ကုန်ဘူတာကြီး နယ်မြေပါဆယ်ရုံ(၂)အနီးမြေနေရာရှိ | ရေစင်(50' အမြင့်)+(Water Tank 28' x 8 x 12'= 2 Nos)(37.76)Ton |

လေလံပိတ်မည့်နေ့/အချိန် - (၅-၃-၂၀၂၆) (ကြာသပတေးနေ့)မွန်းတည့်(၁၂:၀၀)နာရီ

၂။ လေလံပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၈-၂-၂၀၂၆)ရက်နေ့မှ (၃-၃-၂၀၂၆)ရက်နေ့ထိ(ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၉၁၉၉၁၊ ၀၁-၂၉၁၉၉၄**

**ပျောက်ဆုံးကြောင်း**

လက်ပံတန်းမြို့နေ ငွေအောင်(ဘ)ဦးရွှေဒင် ၇/လပတ(နိုင်)၀၆၄၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 883015)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-


- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

မိုးသောက်ပန်း ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းသြဇသ၊ ကာတွန်းမောင်တင်ယုနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ငွေကြည်(စလင်း)၊ မင်းနီခိုင်(မောင်တော)၊ မောင်ငြိမ်းရည်(မင်းကင်း)၊
- ချစ်စုအောင်၊ မင်းရွှေမင်း(အင်းစိန်)နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့်
- ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၁၇-၂-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၇)ထွက်ပြီ။



စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆

သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညှော်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆၊
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြေစဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် – အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၆


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဖိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO
Lemon Tea
PYIN OO LWIN
NAN MYAING
KHA YAE PIN MART
MOUNT PLEASANT
SUGARMEC

❖ **တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို . . .**

❖ **တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို . . .**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# မယ်စဲ့မြို့နယ်ရှိ သံလွင်တံတား(ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)အား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၇


ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား (ဖားဆောင်း)အား KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယနေ့ နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဖားဆောင်းမြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်စေရန်နှင့် ၎င်းတို့အား လိုက်လံချေမှုန်းခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ယနေ့နံနက် ၇ နာရီ ၂၀ မိနစ်ခန့်တွင် ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့၏ အနောက်ဘက်မီတာ ၃၂၀ ခန့်အကွာ ဖားဆောင်း-မယ်စဲ့-ဘီပီ(၁၃) **စာမျက်နှာ ၁၅ ကော်လံ ၁ ■**

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်**(ယနေ့)**၌ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**




## ထူးခြားသည့် ညအပူချိန်များ

၁၇-၂-၂၀၂၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | မိုင်းယန်း | ၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၃ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၅ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၆ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၇ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | | | | ပူတာအို | ၈ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

**သုတေသနမှသည် . . .**
ဆောင်းပါးစာ - ၁၃ သို့

**မြစ်သားမြို့နယ်၌ စိုက်ပျိုးထားသော ဆီထွက်သီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း** စာ - ၉ သို့

## နိုင်ငံတကာသတင်း

**ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်အဖြစ် တာရစ်ရာမန် ကျမ်းသစ္စာဆို** စာ - ၂၃ သို့

**ဂျိနီဗာ၌ပြုလုပ်သည့် အမေရိကန်နှင့် အီရန် ဒုတိယအကျော့ နျူကလီးယားအရေး ဆွေးနွေးပွဲကျင်းပပြီးစီး** စာ - ၂၃ သို့

